# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ်ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်




# ၂၀၁၄ ခုနှစ်တွင်ပြဋ္ဌာန်းပြီးသောဥပဒေများ

## ၂၀၁၄ခုနှစ်

၀၀၁၇၀/၂၀၁၅/လွှတ်တော်ပုံနှိပ်တိုက်
၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ်
အုပ်ရေ - ၃၅၀
ထုတ်ဝေသူ - ဦးမောင်မှူး (၀၁၄၅၄)

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ရောဝတီတိုင်းဒေသကြီး အလတ်စားနှင့်အသေးစား လျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးရေးဥပဒေ | ၁-၇ |
| ၂။ | ရောဝတီတိုင်းဒေသကြီး လမ်းများ၊ တံတားများဥပဒေ | ၂-၇ |
| ၃။ | ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဥပဒေ | ၃-၇ |
| ၄။ | ၂၀၁၄ခုနှစ်၊ ရောဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ | ၄-၁၅ |
| ၅။ | ရောဝတီတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ | ၅-၂ |
| ၆။ | ရောဝတီတိုင်းဒေသကြီး အပင်နှင့်သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့်နှိမ်နင်းရေးဥပဒေ | ၆-၈ |
| ၇။ | ရောဝတီတိုင်းဒေသကြီးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာဥပဒေ | ၇-၁၆ |
| ၈။ | ရောဝတီတိုင်းဒေသကြီး ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၈-၂ |
| ၉။ | ၂၀၁၄-၂၀၁၅ခု၊ ဘဏ္ဍာရေးနှစ် ရောဝတီတိုင်းဒေသကြီးနောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ | ၉-၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပထမအကြိမ်ရောဝတီတိုင်းဒေသကြီးလွှတ်တော်

# ဧရာဝတီတိုင်းဒေသကြီး အလတ်စားနှင့် အသေးစား လျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးရေး ဥပဒေ

၂၀၁၄ခုနှစ်

# ဧရာဝတီတိုင်းဒေသကြီး
# အလတ်စားနှင့် အသေးစားလျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးရေးဥပဒေ

(ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်- ၁/၂၀၁၄)
(၁၃၇၅ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်)
(၂၀၁၄ ခုနှစ်၊ မတ် လ ၁၂ ရက်)

## နိဒါန်း

၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဧရာဝတီတိုင်းဒေသကြီးအလတ်စားနှင့် အသေးစားလျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးရေးဥပဒေကို ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်က ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥပဒေကို ဧရာဝတီတိုင်းဒေသကြီး အလတ်စားနှင့်အသေးစားလျှပ်စစ်ဓါတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ဧရာဝတီတိုင်းဒေသကြီး တစ်ဝန်းလုံးတွင် အလတ်စားနှင့်အသေးစားလျှပ်စစ်ဓါတ်အားကို စူးစမ်းရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်း ဆိုင်ရာလုပ်ငန်းများနှင့်လည်းကောင်း၊ ယင်းလုပ်ငန်းများကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လျှပ်စစ်စစ်ဆေးရေးဆိုင်ရာကိစ္စများနှင့်လည်းကောင်း သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီးဆိုသည်မှာ** ဧရာဝတီတိုင်းဒေသကြီးကိုဆိုသည်၊
(ခ) **အစိုးရအဖွဲ့ဆိုသည်မှာ** ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုဆိုသည်၊
(ဂ) **ဝန်ကြီးဆိုသည်မှာ** ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ကိုဆိုသည်၊
(ဃ) **တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာဆိုသည်မှာ** ဧရာဝတီတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာ ကိုဆိုသည်၊
(င) **လျှပ်စစ်ဓါတ်အားဆိုသည်မှာ** ရေအားသုံးစက်မှုဖြစ်စေ၊လေအားသုံးစက်မှုဖြစ်စေ၊ နေရောင်ခြည် သုံးစက်မှုဖြစ်စေ၊ အားဖြည့်လောင်စာဆီသုံးစက်မှုဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓါတ်အားကို ဆိုသည်၊
(စ) **အသေးစားလျှပ်စစ်ဓါတ်အားဆိုသည်မှာ** ၁၀ မဂ္ဂါဝပ်အောက်ရှိ လျှပ်စစ် ဓါတ်အားကို ဆိုသည်၊
(ဆ) **အလတ်စားလျှပ်စစ်ဓါတ်အားဆိုသည်မှာ** ၁၀ မဂ္ဂါဝပ်မှ ၃၀ မဂ္ဂါဝပ်အထိ ဓါတ်အားကိုဆိုသည်၊
(ဇ) **လျှပ်စစ်ဓါတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ဆိုသည်မှာ** အလတ်စားနှင့်အသေးစား လျှပ်စစ်ဓါတ်အား စူးစမ်းရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း လုပ်ငန်းများ လုပ်ကိုင်ခွင့်ကိုဆိုသည်၊

(ဈ) **လျှပ်စစ်ဓါတ်အားစူးစမ်းရှာဖွေခြင်းဆိုသည်မှာ** လျှပ်စစ်ဓါတ်အားကို အများပြည်သူသုံးစွဲနိုင်ရန်ဖြစ်စေ၊ ပုဂ္ဂလိကပိုင်သုံးစွဲခြင်းဖြစ်စေ၊ စီးပွားရေးအရ ဓါတ်အားဖြန့်ဖြူး ရောင်းချရန်ဖြစ်စေ၊ အခြားကိစ္စရပ်များတွင် သုံးစွဲရန်ဖြစ်စေ လျှပ်စစ်ဓါတ်အား ထုတ်ယူနိုင်ရေးအတွက်စူးစမ်းရှာဖွေခြင်းကိုဆိုသည်၊

(ည) **လျှပ်စစ်ဓါတ်အားထုတ်လုပ်ခြင်းဆိုသည်မှာ** ရေအားသုံးစက်မှဖြစ်စေ၊ လေ အားသုံးစက်မှဖြစ်စေ၊ နေရောင်ခြည်သုံးစက်မှဖြစ်စေ၊ အားဖြည့်လောင်စာဆီသုံးစက်မှဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ လျှပ်စစ်ဓါတ်အားကို စနစ်တကျ ထုတ်လုပ်ခြင်းကိုဆိုသည်၊

(ဋ) **လျှပ်စစ်ဓါတ်အားပို့လွှတ်ခြင်းဆိုသည်မှာ** လျှပ်စစ်ဓါတ်အားကို ထုတ်လုပ်သည့်နေရာမှ သုံးစွဲမည့်နေရာသို့ ရောက်ရှိစေရန် ဓါတ်အားလိုင်းများသွယ်တန်း၍ သတ်မှတ်ထားသည့် ဗို့အား၊ ကြိမ်နှုန်း၊ လျှပ်စီးတို့ဖြင့် စနစ်တကျပို့လွှတ်ခြင်းများကိုဆိုသည်၊

(ဌ) **လျှပ်စစ်ဓါတ်အားဖြန့်ဖြူးခြင်းဆိုသည်မှာ** လျှပ်စစ်ဓါတ်အားကို သတ်မှတ်ထားသည့် ဗို့အား၊ လျှပ်စီးတို့ဖြင့် လျှပ်စစ်ဓါတ်အားသုံးစွဲသူထံ စနစ်တကျဖြန့်ဖြူးခြင်းကိုဆိုသည်၊

(ဍ) **လျှပ်စစ်ဓါတ်အားအသုံးပြုခြင်းဆိုသည်မှာ** သတ်မှတ်ဗို့အားနှင့် လျှပ်စီးတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အသုံးပြုခြင်းကိုဆိုသည်၊

(ဎ) **လျှပ်စစ်ဓါတ်အားသုံးစွဲသူဆိုသည်မှာ** လျှပ်စစ်ဓါတ်အားထုတ်လုပ်ခွင့်ရရှိသည့် အဖွဲ့အစည်းနှင့် ပုဂ္ဂလိကလုပ်ငန်းတစ်ခုခုမှ ထုတ်လုပ်သည့် ဓါတ်အားကိုရယူ၍ ကိုယ်ပိုင်သုံးစွဲခြင်း သို့မဟုတ် စက်ရုံ၊အလုပ်ရုံအတွက်သုံးစွဲခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းအတွက် သုံးစွဲခြင်းပြုသူကိုဆိုသည်၊

(ဏ) **လျှပ်စစ်ဓါတ်အားစစ်ဆေးခြင်းဆိုသည်မှာ** လျှပ်စစ်ဓါတ်အားရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် အသုံးပြုခြင်းများကို လျှပ်စစ် အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးခြင်းကိုဆိုသည်၊

(တ) **လျှပ်စစ်စစ်ဆေးရေးအဖွဲ့ဆိုသည်မှာ** ဤဥပဒေပါ လျှပ်စစ်စစ်ဆေးရေးလုပ်ငန်း တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန် ဝန်ကြီးက ဖွဲ့စည်းပေးထားသောအဖွဲ့ကိုဆိုသည်၊

(ထ) **လျှပ်စစ်ဓါတ်အားထုတ်လုပ်ဖြန့်ဖြူးသူဆိုသည်မှာ** ၃၀ မဂ္ဂါဝပ်အောက် လျှပ်စစ်ဓါတ်အားကို တစ်နည်းနည်းဖြင့် ထုတ်လုပ်ခြင်း၊ လျှပ်စစ်ဓါတ်အား သုံးစွဲလိုသူများထံ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများဆောင်ရွက်သူ သို့မဟုတ် ဆောင်ရွက်သည့်အဖွဲ့အစည်းကိုဆိုသည်၊

(ဒ) **လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်ဆိုသည်မှာ** လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် အတွေ့အကြုံရှိသူကိုဖြစ်စေ၊ သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံသူကိုဖြစ်စေ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဤဥပဒေအရထုတ်ပေးထားသော လက်မှတ်ကိုဆိုသည်၊

(ဓ) **လျှပ်စစ်ကျွမ်းကျင်လုပ်သားဆိုသည်မှာ** လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် အတွေ့အကြုံရှိပြီး လက်တွေ့လုပ်ငန်းဆောင်ရွက်နေသူ သို့မဟုတ် လုပ်ငန်းအတွေ့အကြုံနှင့်လျှပ်စစ် ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်ရရှိထားသူကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်သည် အောက်ပါအတိုင်းဖြစ်သည်-
(က) တိုင်းဒေသကြီးအတွင်း လူနေမှုအဆင့်အတန်းမြင့်မားစေရန်၊
(ခ) ဒေသဖွံ့ဖြိုးတိုးတက်စေရန်၊
(ဂ) လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်၊
(ဃ) တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေအတွက် ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊
(င) အလတ်စားနှင့်အသေးစား လျှပ်စစ်ဓါတ်အားထုတ်လုပ်ဖြန့်ဖြူးမှုများကို ဥပဒေနှင့်အညီ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## လျှပ်စစ်ဓါတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်များ

၅။ အလတ်စားနှင့် အသေးစား လျှပ်စစ်ဓါတ်အားဆိုင်ရာလုပ်ကိုင်ခွင့်လုပ်ငန်းများ လုပ်ကိုင်လိုသူသည် လုပ်ကိုင်ခွင့်ရရှိရေးအတွက် အစိုးရအဖွဲ့သို့ လျှောက်ထားရမည်။

၆။ အစိုးရအဖွဲ့သည် အောက်ပါလျှပ်စစ်ဓါတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်များကို ခွင့်ပြုနိုင်သည်-
(က) ပုဂ္ဂလိကလုပ်ငန်းလုပ်ပိုင်ခွင့်ဥပဒေအရ မှတ်ပုံတင်ထားသော ပုဂ္ဂလိက လုပ်ငန်းများ၊
(ခ) အခြားသီးခြားအဖွဲ့အစည်းများ။

၇။ အစိုးရအဖွဲ့သည် ပုဒ်မ ၆ ပုဒ်မခွဲ (က)၊ (ခ)ပါ လုပ်ငန်းအဖွဲ့အစည်းများအား လျှပ်စစ် ဓါတ်အား ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်းများအတွက် လျှပ်စစ်ဓါတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်အမိန့်များ ထုတ်ပေးခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်။

၈။ အစိုးရအဖွဲ့သည် လျှပ်စစ်ဓါတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်အမိန့်များကို အောက်ပါအကြောင်း တစ်ရပ်ရပ်ကြောင့် ရုပ်သိမ်းနိုင်သည် -
(က) လျှပ်စစ်ဓါတ်အားနှင့်ပတ်သက်၍ ဤဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း၊
(ခ) လုပ်ကိုင်ခွင့်အမိန့်ပါ စည်းကမ်းချက်များကို လိုက်နာကျင့်သုံးရန် ပျက်ကွက်ခြင်း။

## အခန်း (၄)
## လျှပ်စစ်ဓါတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၉။ လျှပ်စစ်ဓါတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူသည် -
(က) လျှပ်စစ်ဓါတ်အား စူးစမ်းရှာဖွေခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်၊
(ခ) လျှပ်စစ်ဓါတ်အားထုတ်လုပ်ခြင်း၌ လျှပ်စစ်ဓါတ်အားဆိုင်ရာ လုပ်ကိုင်ခွင့် အမိန့်အရ သတ်မှတ်ထားသည့် လျှပ်စစ်စွမ်းအားကိုသာ ထုတ်ရမည်၊
(ဂ) လျှပ်စစ်ဓါတ်အားအတွက် အသုံးပြုသည့် လျှပ်စစ်ဓါတ်အားတိုင်းတာရေး ပစ္စည်းကိရိယာများ၊ အကာအကွယ်ပြုပစ္စည်းကိရိယာများကို စနစ်တကျ တပ်ဆင်အသုံးပြုရမည်၊ မပျက်စီးစေရန် လည်း ထိန်းသိမ်းရမည်၊
(ဃ) ရေအားလျှပ်စစ်လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသည့် ရေဝင်ရေထွက် ရေစီးကြောင်းသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုအဖွဲ့အစည်းတွင် ထိခိုက်မှု မရှိစေရန်ဆောင်ရွက်ရမည်၊

(င) စက်လည်ပတ်ရာတွင် အသုံးပြုသည့် စွန့်ပစ်ပစ္စည်းများသည် ပတ်ဝန်းကျင်ညစ်ညမ်းမှု အန္တရာယ်မရှိစေရန်ဆောင်ရွက်ရမည်၊

(စ) လျှပ်စစ်ဖြင့်ဓါတ်အားဖြန့်ဖြူးသည့် ဆက်စပ်ပစ္စည်းများသည် လူနှင့်တိရိစ္ဆာန်အတွက် အန္တရာယ်မဖြစ်စေရန် ဆောင်ရွက်ရမည်၊

(ဆ) လျှပ်စစ်ဓါတ်အားဆိုင်ရာလုပ်ကိုင်ခွင့်လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သော မြေနေရာရရှိရေး အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ရယူရမည်၊

(ဇ) အစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် စည်းကမ်းများကို လိုက်နာရမည်၊

(ဈ) လျှပ်စစ်ဓါတ်အားထုတ်လုပ်ဖြန့်ဖြူးသူသည် နိုင်ငံတော်ပိုင် လျှပ်စစ်ဓါတ်အားလိုင်းများကို ငှားရမ်းသုံးစွဲခြင်း ဓါတ်အားထုတ်လုပ်ဖြန့်ဖြူးလိုပါက သက်ဆိုင်ရာဌာန၏သတ်မှတ်ချက် များအတိုင်း လိုက်နာဆောင်ရွက်၍ ကျသင့်ငွေကို ပေးသွင်းရမည်၊

(ည) လျှပ်စစ်ဓါတ်အားသုံးစွဲသူများထံမှ လျှပ်စစ်ဓါတ်အားခ တောင်းခံခွင့်ရှိသည်၊

(ဋ) သတ်မှတ်ထားသော လျှပ်စစ်ဓါတ်အားခငွေများကို သတ်မှတ်ထားသည့် ရက်အတွက် မရရှိပါက လျှပ်စစ်ဓါတ်အားဖြတ်တောက်ခွင့်ရှိသည်။

၁၀။ လျှပ်စစ်အန္တရာယ်ကာကွယ်မှုနှင့်ပတ်သက်၍ လျှပ်စစ်ဓါတ်အားဆိုင်ရာလုပ်ကိုင်ခွင့်များ ပြုလုပ်ရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) လေယာဉ်ကွင်း၊ ရထားလမ်း၊ ဓါတ်ရထားလမ်း၊ မော်တော်ကားလမ်း၊ ထရော်လီကားလမ်း၊ တူးမြောင်း၊ မြစ်၊ ချောင်း၊ ဆိပ်ကမ်း၊ သင်္ဘောကျင်း၊ ဆိပ်ကမ်း တံတား၊ ရေကတုတ် စသည်များကို မည်သည့်နည်းနှင့်မျှ ထိခိုက်ပျက်စီးခြင်း မရှိစေရ၊

(ခ) ကြေးနန်း၊ စကားပြောကြေးနန်း၊ သင်္ကေတသုံးလျှပ်စစ်ကြေးနန်း၊ အချက်ပြ ကြေးနန်းရိုက်ရာ တွင်အသုံးဝင်သည့် အခြားကြိုးများ၊ လေလှိုင်းများသို့ လျှပ်စစ်ဓါတ်အား ကူးဝင်စေခြင်းဖြင့် ဖြစ်စေ အခြားနည်းအားဖြင့်ဖြစ်စေ ထိခိုက်နစ်နာပျက်စီးခြင်း မပြုရ။

၁၁။ လျှပ်စစ်ဓါတ်အားဆိုင်ရာလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ လူ သို့မဟုတ် တိရိစ္ဆာန်ကို ဒဏ်ရာရရှိအောင် ဖြစ်စေ၊ ကိုယ်အင်္ဂါတစ်ခုခု မစွမ်းမသန်အောင်ဖြစ်စေ၊ သေဆုံးအောင်ဖြစ်စေ လျှပ်စစ်အန္တရာယ် မတော်တဆ ဖြစ်ပေါ်ခဲ့လျှင် လျှပ်စစ်ဓါတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူသည် လျှပ်စစ် စစ်ဆေးရေးအဖွဲ့သို့အမြန်ဆုံး အကြောင်းကြားရမည်။

၁၂။ လျှပ်စစ်ဓါတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်အမိန့်ကိုဖြစ်စေ၊ လုပ်ငန်းကိုဖြစ်စေ၊ ယင်း၏တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိုးရအဖွဲ့၏သဘောတူညီချက်မရရှိဘဲ ရောင်းချခြင်း၊ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ အခြားနည်းအားဖြင့် လွှဲပြောင်းပေးအပ်ခြင်းမပြုရ။

## အခန်း (၅)
## လျှပ်စစ်စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၃။ လျှပ်စစ်စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ-

(က) လျှပ်စစ်ဓါတ်အားသုံးစွဲသူ၏ ဓါတ်အားသုံးစွဲမည့် နေရာများ၊ အများပြည်သူ နှင့်သက်ဆိုင်သော နေရာများကို စစ်ဆေးပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ခ) လျှပ်စစ်ဓါတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူ၏ လျှပ်စစ်ဓါတ်အား ထုတ်လုပ်ဖြန့်ဖြူးခြင်းဆိုင်ရာ ပစ္စည်းကိရိယာများနှင့် နည်းစနစ်များအား စစ်ဆေးပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း ခွင့်ပြုမိန့်ထုတ်ပေးရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဂ) လျှပ်စစ်ဓါတ်အားထုတ်လုပ်သည့် စက်များနှင့်ပတ်သက်၍ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ပေးရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) သတ်မှတ်ထားသည့် စစ်ဆေးခကို နည်းလမ်းတကျတောင်းခံခြင်း၊

(င) လျှပ်စစ်အန္တရာယ်ကျရောက်မည့်ကိစ္စရပ်တွင် စက်ရုံ၊အလုပ်ရုံ၌အသုံးပြုနေသော လျှပ်စစ်ဓါတ်အားကိုဖြစ်စေ၊ အများပြည်သူနေထိုင်ရာနေရာ၌ အသုံးပြုနေသော လျှပ်စစ်ဓါတ်အားကိုဖြစ်စေ၊ အခြားဓါတ်အားသုံးစွဲသည့် နေရာ၌ အသုံးပြုနေသော လျှပ်စစ်ဓါတ်အားကိုဖြစ်စေဖြတ်တောက်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊ အရေးပေါ် အခြေအနေဖြစ်ပေါ်ပါက ဖြတ်တောက်ခြင်း၊

(စ) လျှပ်စစ်ဆိုင်ရာသတ်မှတ်ချက်များနှင့်အညီ စစ်ဆေးရန် မည်သည့်နေရာ၊ မည်သည့်အဆောက်အအုံအတွင်းသို့မဆို ဝင်ရောက်နိုင်ခြင်း၊

(ဆ) သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံသူအား လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်ထုတ်ပေးနိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဇ) လျှပ်စစ်ဆိုင်ရာ စံချိန်စံညွှန်းနှင့် စစ်ဆေးမှုနည်းစနစ်များကို ထုတ်ပြန်ခြင်း၊

(ဈ) လျှပ်စစ်ပစ္စည်းကိရိယာ စစ်ဆေးခများ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းပြုလုပ်ပေးရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ည) လျှပ်စစ်တပ်ဆင်ခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများ၏ လုပ်ခကိုသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းပြုလုပ်ပေးရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း။

၁၄။ လျှပ်စစ်စစ်ဆေးရေးအဖွဲ့သည် မိမိအားအပ်နှင်းထားသည့် တာဝန်၊ လုပ်ပိုင်ခွင့်နှင့်အညီ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စစ်ဆေးရေးလုပ်ငန်းများကို ပြုလုပ်ဆောင်ရွက်ရမည်။

၁၅။ လျှပ်စစ်ဓါတ်အားဆိုင်ရာလုပ်ကိုင်ခွင့်နှင့်ပတ်သက်၍ လျှပ်စစ်အန္တရာယ်ကျရောက်မည့် အခြေအနေကိုထိန်းသိမ်းနိုင်ရန်အလို့ငှာ အများပြည်သူအသုံးပြုသည့် လျှပ်စစ်ဓါတ်အားကို ဖြစ်စေ၊ စက်ရုံ၊ အလုပ်ရုံကအသုံးပြုသည့် လျှပ်စစ်ဓါတ်အားကိုဖြစ်စေ၊ အခြားနေရာ၌အသုံးပြုနေသော လျှပ်စစ်ဓါတ်အားကိုဖြစ်စေဖြတ်တောက်ရန် လျှပ်စစ်စစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်ရာဌာနတာဝန်ခံကို ညွှန်ကြားနိုင်သည်။

၁၆။ လျှပ်စစ်ဓါတ်အားကြောင့် လူ သို့မဟုတ် တိရိစ္ဆာန် ဒဏ်ရာရရှိခြင်းနှင့်ပတ်သက်၍ ဖြစ်စေ၊ သေဆုံးရခြင်းနှင့်ပတ်သက်၍ဖြစ်စေ တင်ပြလာလျှင် လျှပ်စစ်စစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်သူများကို စစ်ဆေးခွင့်ရှိသည်။

၁၇။ လျှပ်စစ်ဓါတ်အားနှင့်ပတ်သက်၍ အသုံးပြုသည့်ပစ္စည်းကိရိယာများ မှန်ကန်မှု ရှိ မရှိ စသည့်ကိစ္စရပ်များအတွက် လျှပ်စစ်ဓါတ်အား ထုတ်လုပ်ဖြန့်ဖြူးသူနှင့် သုံးစွဲသူများအကြား အငြင်းပွားမှု သို့မဟုတ် သဘောထားကွဲလွဲမှုရှိ၍ တင်ပြလာလျှင် လျှပ်စစ်စစ်ဆေးရေးအဖွဲ့သည် အဆုံးအဖြတ်ပေးရမည်။

၁၈။ ပုဒ်မ ၁၇ အရ လျှပ်စစ်စစ်ဆေးရေးအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် မကျေနပ်ပါက အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း အစိုးရအဖွဲ့ထံ အယူခံနိုင်သည်။ အစိုးရအဖွဲ့၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၆)
## အခွန်အခပေးဆောင်ခြင်း

၁၉။ လျှပ်စစ်ဓါတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရသူသည် နိုင်ငံသားဖြစ်ပါက ပြည်တွင်းသုံးငွေ ဖြင့်လည်းကောင်း၊ နိုင်ငံခြားမတည်ငွေဖြင့်လုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက အစိုးရအဖွဲ့က သတ်မှတ်ထားသည့် နိုင်ငံခြားငွေဖြင့်လည်းကောင်း သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးသည့် လျှပ်စစ်ဓါတ်အားပမာဏအလိုက် ကျသင့်သည့်အခွန်အခကို ပေးဆောင်ရမည်။

၂၀။ အစိုးရအဖွဲ့သည် တိုင်းဒေသကြီးအကျိုးငှာ လိုအပ်သော အလတ်စားနှင့်အသေးစား လျှပ်စစ်ဓါတ်အား ထုတ်လုပ်သည့် လုပ်ငန်းများအတွက် အခွန်အခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

## အခန်း (၇)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၁။ အစိုးရအဖွဲ့သည် ပုဒ်မ ၅နှင့် ၁၂ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော အလတ်စားနှင့်အသေးစား လျှပ်စစ်ဓါတ်အားထုတ်လုပ်ဖြန့်ဖြူးသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) လုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကိုဆောင်ရွက်စေပြီး ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) လုပ်ငန်းလုပ်ကိုင်ခွင့်အား ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ဃ) လုပ်ငန်းလုပ်ကိုင်ခွင့်ကို ပိတ်သိမ်းခြင်း။

## အခန်း (၈)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၂။ မည်သူမဆို လျှပ်စစ်ဓါတ်အားကို မရိုးမဖြောင့်သောသဘောဖြင့် ခိုးစမ်းရှာဖွေခြင်း၊ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ဖြုန်းတီးခြင်း၊ တရားမဝင် ထပ်ဆင့်ရောင်းချခြင်း၊ တရားမဝင်အသုံးပြုခြင်း သို့မဟုတ် ခိုးယူသုံးစွဲခြင်း ပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၂၃။ မည်သူမဆို လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်မရှိဘဲ လျှပ်စစ်တပ်ဆင်ခြင်း၊ ပြင်ဆင် ခြင်းစသည့် လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ကြောင်း စစ်ဆေးတွေ့ရှိပါက ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် (၃)သောင်းအထိ ငွေဒဏ်ဖြစ်စေ၊ သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

## အခန်း (၉)
## လျော်ကြေးသတ်မှတ်ခြင်း

၂၄။ လျှပ်စစ်ဓါတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် လျှပ်စစ်ကျွမ်းကျင်လုပ်သား၏ ပေါ့လျော့မှု သို့မဟုတ် တာဝန်ပျက်ကွက်မှုကြောင့် ဓါတ်လိုက်မှု သို့မဟုတ် မီးလောင်မှုဖြစ်၍ ထိခိုက်ဒဏ်ရာရရှိခြင်း သို့မဟုတ် ကိုယ်လက်အင်္ဂါမသန်မစွမ်းဖြစ်ခြင်း သို့မဟုတ် သေဆုံးခြင်း ဖြစ်ပေါ်စေလျှင် ထိခိုက်နစ်နာသူသည် လျှပ်စစ်ဓါတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရသူ သို့မဟုတ် လျှပ်စစ်တပ်ဆင်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရသူထံမှ လျော်ကြေးကို အောက်ပါအတိုင်း တောင်းခံ ခွင့်ရှိစေရမည် -

(က) ထိခိုက်နစ်နာသူသည် အလုပ်သမားလျော်ကြေးဥပဒေနှင့် အကျုံးဝင်သူဖြစ်ပါက ယင်းဥပဒေအရ သတ်မှတ်ထားသော လျော်ကြေး၊

(ခ) ထိခိုက်နစ်နာသူသည် အလုပ်သမားလျော်ကြေးဥပဒေနှင့် အကျုံးဝင်သူ မဟုတ်ပါက လုပ်ထုံးလုပ်နည်းများအရ သတ်မှတ်ထားသော လျော်ကြေး။

၂၅။ မည်သူမဆို ပုဒ်မ ၂၄ အရ ထိခိုက်နစ်နာလျှင် တည်ဆဲဥပဒေအရ တရားစွဲဆိုခွင့်နှင့် ပျက်စီးဆုံးရှုံးသောငွေအတွက် ကာလတန်ဖိုးလျော်ကြေးကို သက်ဆိုင်ရာ လျှပ်စစ်ဓါတ်အား ဆိုင်ရာလုပ်ပိုင်ခွင့်ရရှိသူထံမှ တောင်းခံခွင့်ရှိသည်။

## အခန်း (၁၀)
## အထွေထွေ

၂၆။ လျှပ်စစ်ဓါတ်အားသုံးစွဲသူသည် မရိုးမဖြောင့်သော နည်းလမ်းဖြင့် လျှပ်စစ်ဓါတ်အားကို ခိုးယူသုံးစွဲခြင်းကြောင့် လျှပ်စစ်ဓါတ်အားထုတ်လုပ်ဖြန့်ဖြူးသူ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာမှုဖြစ်ပေါ်စေလျှင် နစ်နာမှုလျော်ကြေးပေးလျော်ရန် တာဝန်ရှိသည့်အပြင် တည်ဆဲဥပဒေအရ အရေးယူခြင်းကိုလည်းခံရမည်။

၂၇။ ဤဥပဒေပုဒ်မ ၂၂ အရ တရားစွဲဆိုသောပြစ်မှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသောပြစ်မှုအဖြစ် သတ်မှတ်သည်။

၂၈။ တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာက အစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် လျှပ်စစ် ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်ကို ထုတ်ပေးနိုင်သည်။

၂၉။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လျှပ်စစ်ဓါတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူ၏ ပိုလျှံသောလျှပ်စစ်ဓါတ်အားကို နိုင်ငံတော်ပိုင် လျှပ်စစ်ဓါတ်အားလိုင်းသို့ ရောင်းချနိုင်ရန် ညှိနှိုင်း ဆောင်ရွက်ပေးနိုင်သည်။

၃၀။ လျှပ်စစ်ဓါတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူထံမှ ၎င်းဆောင်ရွက်နေသည့် အလတ်စား နှင့်အသေးစားလျှပ်စစ်ဓါတ်အားဆိုင်ရာလုပ်ငန်းကို နိုင်ငံတော်အကျိုးငှာ လွှဲပြောင်းပေးအပ်ရန် အကြောင်းပေါ်ပေါက်ခဲ့လျှင် အစိုးရအဖွဲ့သည် ကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီး လျှပ်စစ်ဓါတ်အား ဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူ၏ မတည်ရင်းနှီးမြှုပ်နှံမှုများကို ကာလပေါက်ဈေးသတ်မှတ်၍ လွှဲပြောင်းပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၃၁။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)
သိန်းအောင်
ဝန်ကြီးချုပ်
ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပထမအကြိမ်ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

# ဧရာဝတီတိုင်းဒေသကြီး လမ်းများ၊ တံတားများ ဥပဒေ

၂၀၁၄ ခုနှစ်

# ဧရာဝတီတိုင်းဒေသကြီး လမ်းများ၊ တံတားများ ဥပဒေ

(ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်- ၂/၂၀၁၄)
(၁၃၇၅ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်)
(၂၀၁၄ ခုနှစ်၊ မတ် လ ၁၂ ရက်)

## နိဒါန်း

၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဧရာဝတီတိုင်းဒေသကြီးလမ်းများ၊တံတားများ ဥပဒေကို ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်က ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥပဒေကို ဧရာဝတီတိုင်းဒေသကြီးလမ်းများ၊ တံတားများဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးကိုဆိုသည်၊

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုဆိုသည်၊

(ဂ) **ဝန်ကြီး**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်၊

(ဃ) **တိုင်းဒေသကြီးပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကို ဆိုသည်၊

(င) **လမ်း**ဆိုသည်မှာ ဝန်ကြီးက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသည့် လမ်းကို ဆိုသည်။ ယင်းစကားရပ်တွင် လမ်း၏တစ်ဘက်တစ်ချက်စီရှိ လမ်းနယ်နမိတ်များနှင့် လမ်းများတွင်ရှိသော တံတားများလည်းပါဝင်သည်၊ (သို့ရာတွင် သက်ဆိုင်ရာစည်ပင်သာယာ ရေးအဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနတို့က ဖောက်လုပ်သည့် သို့မဟုတ် ပြုပြင်ထိန်းသိမ်းသည့်လမ်းများမပါဝင်)

(စ) **တံတား**ဆိုသည်မှာအစိုးရအဖွဲ့က ဤဥပဒေအလို့ငှာ လုပ်ထုံးလုပ်နည်းဖြင့် သတ်မှတ်သောတံတားကို ဆိုသည်၊

(ဆ) **ယာဉ်**ဆိုသည်မှာ စီးနင်းလိုက်ပါရန်ဖြစ်စေ၊ ကုန်စည်သယ်ယူပို့ဆောင်ရန်ဖြစ်စေ၊ စက်စွမ်းအားဖြင့်လည်းကောင်း၊ စွမ်းအင်တစ်မျိုးမျိုးဖြင့်လည်းကောင်း ကုန်းပေါ်တွင် မောင်းနှင်သွားလာသည့် ယာဉ်အမျိုးမျိုးကို ဆိုသည်၊

(ဇ) **တိရစ္ဆာန်**ဆိုသည်မှာ ကျွဲ၊ နွား၊ ဆင်၊မြင်း၊ မြည်း၊ လား၊ သိုး၊ ဆိတ်နှင့် ဝက်တို့ကို ဆိုသည်၊

(ဈ) **လှည်း**ဆိုသည်မှာ လူဖြင့်ဖြစ်စေ၊ တိရစ္ဆာန်ဖြင့်ဖြစ်စေ၊ ဆွဲခြင်း၊ တွန်းခြင်း သို့မဟုတ် တွဲခြင်းဖြင့် ရွေ့လျားစေသော ဘီးတပ်လှည်းတစ်မျိုးမျိုးကိုဆိုလိုသည်၊

(ည) **ဘီးကွပ်**ဆိုသည်မှာ ဘီးတွင်တပ်ဆင်ထားသည့် သံချိန်း၊ သံသွား၊ သံကြိုး၊ သံပတ်၊ ရော်ဘာတစ်မျိုးမျိုးကို ဆိုသည်၊

(ရ) **အသုံးပြုသူ** ဆိုသည်မှာ လမ်းနှင့်တံတားပေါ်တွင် သွားလာသူ သို့မဟုတ် အခြားနည်းဖြင့် အသုံးပြုသူ ကိုဆိုသည်၊

(ဋ) **အသုံးပြုခြင်း**ဆိုသည်မှာ လမ်းနှင့်တံတားကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းကိုဆိုသည်၊

(ဌ) **အသုံးပြုခ**ဆိုသည်မှာ လမ်းနှင့် တံတားကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းအတွက် ပေးဆောင်ရမည့်အခကို ဆိုသည်၊

(ပ) **ကြီးကြပ်သူ**ဆိုသည်မှာ အသုံးပြုခကောက်ခံရေး ကြီးကြပ်ရန်အစိုးရအဖွဲ့က သတ်မှတ်သည့် အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းကိုဆိုသည်၊

(ဏ) **ကောက်ခံသူ**ဆိုသည်မှာ အသုံးပြုခကောက်ခံရန် ကြီးကြပ်သူက တာဝန်ပေးအပ်ခြင်းခံရသူ ကိုဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လမ်းနှင့်တံတားများဖောက်လုပ်ခြင်းဖြင့် ကျေးရွာတစ်ရွာနှင့်တစ်ရွာ၊ မြို့နယ် တစ်ခုနှင့် တစ်ခု၊ ခရိုင်တစ်ခုနှင့် တစ်ခုအကြား လမ်းပန်းဆက်သွယ်မှု လွယ်ကူစေပြီး တိုင်းရင်းသားစည်းလုံး ညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန်နှင့် နယ်မြေဒေသအားလုံး စီးပွားရေး၊ လူမှုရေးအပါအဝင်ဘက်စုံမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ကုန်စည်စီးဆင်းမှုသွက်လက် မြန်ဆန်စေရေး တို့ကို အထောက်အကူဖြစ်စေရန်၊

(ဂ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားအသစ်များဖောက်လုပ်ခြင်းဖြင့် လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်သည့်လမ်းမကြီးများဖြင့် ချိတ်ဆက်ဖောက်လုပ်ခြင်းဖြင့် လည်းကောင်း၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူပြုစေရန်၊

(ဃ) လမ်းနှင့်တံတားများတိုးချဲ့ခြင်း၊ ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း များကို စနစ်တကျဆောင်ရွက်ရန်၊

(င) လမ်းနှင့်တံတားများပေါ်တွင် ဖြတ်သန်းသွားလာအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ စနစ်တကျ ကြီးကြပ်ကွပ်ကဲနိုင်ရန်နှင့် တိုင်းဒေသကြီးအတွက်အခွန်အခများရရှိနိုင်ရန်။

## အခန်း (၃)
## ဝန်ကြီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ဝန်ကြီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှုခေတ်မီဖွံ့ဖြိုးတက်စေရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများချမှတ်ခြင်း၊

(ခ) လမ်းနှင့်တံတားများဖောက်လုပ်ရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများနှင့် အထူးစီမံကိန်း များကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) အိမ်နီးနားချင်းနိုင်ငံများနှင့် ဆက်သွယ်သည့်လမ်းမကြီးများဖြင့် ချိတ်ဆက်မည့် လမ်းနှင့် တံတားများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်း ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) စီမံကိန်းများကိုသတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(င) လမ်းနှင့်တံတားများ၏နယ်နိမိတ်သတ်မှတ်ကြေညာခြင်း၊

(စ) တိုင်းဒေသကြီးအတွင်းရှိ ပြည်ထောင်စုလမ်းများဖောက်လုပ်ရန်၊ တိုးချဲ့ရန်လမ်းအထူးအဖွဲ့များ၊ အထူးစီမံကိန်းကြီးများ၊ ကုမ္ပဏီများဝင်ရောက်လုပ်ကိုင်သည့်အခါ အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဆ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ ပြုပြင်ထိန်းသိမ်းရန် ကြီးကြပ်ခြင်း၊

(ဇ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့် တံတားများဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေး အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးနှင့်ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း၊ စီးပွားရေးအဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား စည်းကမ်းချက်များသတ်မှတ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း၊

(စျ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများဖောက်လုပ်ခြင်းနှင့် တိုးချဲ့ခြင်းများ ပြုလုပ်ရာတွင် မြေသိမ်းယူခြင်းနှင့် အဆောက်အဦးဖယ်ရှားခြင်းများကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊

(ည) တိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများဖောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် နည်းပညာများဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများဖောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ပေါင်းစပ်၍ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း။

၅။ အစိုးရအဖွဲ့သည်လုပ်ထုံးလုပ်နည်းနှင့်အညီ-

(က) အသုံးပြုခကောက်ခံရမည့်လမ်းနှင့်တံတားကိုသတ်မှတ်နိုင်သည်၊

(ခ) အသုံးပြုခကောက်ခံရန် နှုန်းထားသတ်မှတ်နိုင်သည်၊

(ဂ) အသုံးပြုခကောက်ခံရမည့် ယာဉ်အမျိုးအစားနှင့် ဝန်အလေးချိန်ကို သတ်မှတ်နိုင်သည်၊

(ဃ) အသုံးပြုခကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၆။ ကြီးကြပ်သူသည်-

(က) အသုံးပြုခကို သတ်မှတ်သည့်နှုန်းထားအတိုင်း ကောက်ခံနိုင်ရေးအတွက် တာဝန်ယူကြီးကြပ်ရမည်၊

(ခ) အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှအပ မည်သူမျှကောက်ခံခြင်းမပြုရန် ကြီးကြပ်ရမည်။

၇။ ကောက်ခံသူသည် အသုံးပြုခကို ယာဉ်မောင်း သို့မဟုတ် အသုံးပြုသူထံမှသတ်မှတ်ထားသောနှုန်းထားအတိုင်းကောက်ခံရမည်။

## အခန်း (၄)
## တိုင်းဒေသကြီးပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ တိုင်းဒေသကြီးပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင် ဖြစ်ပါသည်-

(က) တိုင်းဒေသကြီးအတွင်းလမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့ကချမှတ်ထားသည့် မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

(ခ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းများနှင့်စပ်လျဉ်း၍ လမ်းပန်းဆက်သွယ် ရေးဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ နှစ်တိုနှစ်ရှည် စီမံကိန်းမျာ အထူးစီမံကိန်းများနှင့် လုပ်ငန်းအစီအစဉ် များရေးဆွဲတင်ပြခြင်း၊

(ဂ) စီမံကိန်းများသတ်မှတ်ကာလအတွင်းပြီးစီးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက် ခြင်း၊

(ဃ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများ၊ တံတားများအသစ်ဖောက်လုပ်တည်ဆောက်ရေး အတွက် လမ်းအူကြောင်းရှာဖွေခြင်း၊ တိုင်းတာပုံထုတ်ပေးခြင်း၊ လမ်းသားတည်ဆောက်ပေးခြင်းနှ စပ်လျဉ်းသည့် လုပ်ငန်းကိစ္စရပ်များကို ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့သို့တင်ပြ၍ ခွင့်ပြုချက် ရယူ ဆောင်ရွက်ခြင်း၊

(င) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ခြင်းနှ ထိန်းသိမ်းခြင်း၊

(စ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ၏ နယ်နိမိတ်အတွင်း သစ်ပင်များစိုက်ပျိုးခြင် နှင့် အန္တရာယ်ရှိသောသစ်ပင်များကို ရှင်းလင်းခြင်း၊

(ဆ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများ၏ လမ်းပခုံးသားအကျယ်သတ်မှတ်ခြင်း၊

(ဇ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများတိုးချဲ့ရာတွင်လည်းကောင်း၊ ပြုပြင်ရာတွင် လည်းကောင် လမ်းပေါ်၌ ဖြတ်သန်းသွားလာမှုကို အချိန်ကာလသတ်မှတ်၍ ပိတ်ထားခြင်းနှင့် လမ်းပိတ် ထားချိန်တွင် သွားလာရန် လမ်းလွှဲဖောက်လုပ်ခြင်း၊

(ဈ) တိုင်းဒေသကြီးအတွင်းရှိလမ်းများပေါ်တွင် မောင်းနှင်သွားလာခွင့်မပြုသည့်ယာဉ်နှင့် ဘီ အမျိုးအစားများကိုလည်းကောင်း၊ ယာဉ်နှင့်ဝန်တင်အလေးချိန်ကိုလည်းကောင်း၊ ယာဉ်နှ လှည်းတွင်အသုံးပြုသည့် ဘီးကွပ်ကိုလည်းကောင်း သတ်မှတ်ခြင်း၊ ယင်းသတ်မှတ်ချက်များက လိုက်နာခြင်းရှိ/မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ည) တိုင်းဒေသကြီးအတွင်းရှိ လမ်းများပေါ်တွင် လှည်းနှင့်တိရစ္ဆာန်များဖြတ်သန်း သွားလာခြင်း ရပ်နားခြင်းနှင့်စပ်လျဉ်း၍လိုက်နာရမည့်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ ယာဉ်စည် ကမ်းချက်များကို လိုက်နာခြင်းရှိ/မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့်အရေးယူခြင်း၊

(ဋ) တိုင်းဒေသကြီးအတွင်းရှိလမ်းများပျက်စီးမှုမှကာကွယ်ရန် လိုအပ်သည့်တားမြစ်ချက် မျာ ထုတ်ပြန်ခြင်း၊ ယင်းတားမြစ်ချက်များကို လိုက်နာခြင်းရှိ/မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှ အရေးယူခြင်း၊

(ဎ) တိုင်းဒေသကြီးအတွင်းရှိ လမ်းကိုဖြတ်သန်း၍တစ်စုံတစ်ရာဖောက်လုပ်ခြင်း၊ ဆောက်လုပ်ခြင်းနှင့်လမ်း၏နယ်နိမိတ်အတွင်း အဆောက်အဦဆောက်လုပ်ခြင်း၊ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်းများအတွက် စိစစ်ခွင့်ပြုခြင်း၊

(ဍ) တိုင်းဒေသကြီးအတွင်းရှိ လမ်းဖြတ်သန်းခကောက်ခံသည့် လမ်းနှင့်တံတားဂိတ်များတွင် သတ်မှတ်ထားသောယာဉ်နှင့် ဝန်တင်အလေးချိန်ကိုစစ်ဆေးသည့်အခါ မရိုးမဖြောင့်သောသဘောဖြင့် လမ်းနှင့်တံတားဂိတ်များအား ရှောင်ကွင်းမောင်းနှင်၍ လမ်းမကြီးပေါ်သို့ပြန်တက်သည့်ယာဉ်များ၊ တန်ပိုတင်ဆောင်ထားသည့်ယာဉ်များနှင့် ကုန်ကဲ့ယာဉ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ အရေးယူခြင်း။

၉။ တိုင်းဒေသကြီးပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်အချို့ကို ဆောင်ရွက်ရန် သက်ဆိုင်ရာခရိုင်နှင့် မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအား တာဝန်ပေးနိုင်သည်။

## အခန်း (၅)
## တားမြစ်ချက်များ

၁၀။ အသုံးပြုခပေးဆောင်ခြင်းကို မည်သူမျှပျက်ကွက်ခြင်းမပြုရ။

၁၁။ အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှအပ မည်သူမျှ ကောက်ခံခြင်းမပြုရ။

၁၂။ ကောက်ခံသူသည် သတ်မှတ်ထားသော အသုံးပြုခနှုန်းထားထက် ပိုမိုကောက်ခံ ခြင်းမပြုရ။

၁၃။ တိုင်းဒေသကြီးအတွင်းရှိ လမ်းဖြတ်သန်းခကောက်ခံသည့် လမ်း-တံတားဂိတ်များတွင် မရိုးမဖြောင့်သောသဘောဖြင့် လမ်း-တံတားဂိတ်များအား ရှောင်ကွင်းမောင်းနှင်၍ လမ်းမကြီးပေါ်သို့ ပြန်တက်ခြင်းနှင့်တန်ပိုတင်ဆောင်လာ၍ ယာဉ်ယယ်များဖြင့်ကုန်ကဲ့၍ စည်းကမ်းဖောက်ဖျက်ခြင်း တို့ကို မပြုရ။

## အခန်း (၆)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၄။ မည်သူမဆို ပုဒ်မ ၁၀ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် အစိုးရအဖွဲ့၏သတ်မှတ်သောနည်းလမ်းအတိုင်း ဒဏ်ငွေကိုပေးဆောင်ရမည်။

၁၅။ မည်သူမဆို ပုဒ်မ-၁၁ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက် ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခံရလျှင် ထိုသူကို(၆)လထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ကျခံစေရမည်။

၁၆။ မည်သူမဆို ပုဒ်မ-၁၂ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက် ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခံရလျှင် ထိုသူကို (၃)လထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပို သောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေကျခံစေရမည်။

၁၇။ မည်သူမဆို ပုဒ်မ-၁၃ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခံရလျှင် ထိုသူကို(၁)လထက် မပိုသော ထောင်ဒဏ်ကျခံစေရမည်။

၁၈။ မည်သူမဆို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်(၅)သိ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ကျခံစေရမည်-

(က) တိုင်းဒေသကြီးအတွင်းရှိလမ်းများကိုဖြတ်သန်း၍ တစ်စုံတစ်ရာ ဖောက်လုပ်ခြင်း (သို့မဟုတ်)ဆောက်လုပ်ခြင်း၊

(ခ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများ၏နယ်နိမိတ်အတွင်း အဆောက်အဦ ဆောက်လုပ်ခြင်း

(ဂ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများ၏နယ်နိမိတ်အတွင်း ကန်တူးဖော်ခြင်း။

၁၉။ မည်သူမဆို အောက်ဖော်ပြပါ ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခံရလျှင် ထိုသူ ခြောက်လထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်(၁)သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံ ဖြစ်စေချမှတ်ရမည် -

(က) တိုင်းဒေသကြီးအတွင်းရှိ လမ်းများဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြ လုပ်ငန်းများကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

(ခ) တိုင်းဒေသကြီးအတွင်းရှိလမ်းများပေါ်တွင် မောင်းနှင်သွားလာခြင်းမပြုရန် သတ်မှတ်ထာ သည့် ယာဉ်၊ ဘီးအမျိုးအစား၊ ဝန်တင်အလေးချိန်ပါယာဉ်ကို မောင်းနှင်ခြင်း သို့မဟု ဘီးကွပ်ကိုအသုံးပြုခြင်း၊

(ဂ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများ၏နယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန် ၏ခွင့်ပြုချက်မရှိဘဲ သစ်ပင်၊ သီးနှံစိုက်ပျိုးခြင်း၊ ခုတ်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဃ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အန္တရာယ်ရှိသောသစ်ပင်များကို ရှင်းလင်းရာတွ နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

၂၀။ မည်သူမဆို အောက်ဖော်ပြပါ ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခံရလျှင် ထိုသူ သုံးလထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်(၅)သောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရ စလုံးဖြစ်စေ ကျခံစေရမည်-

(က) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများပျက်စီးခြင်းမှ ကာကွယ်ရန်ထုတ်ပြန် ထားသည် တားမြစ်ချက် တစ်ရပ်ကိုဖောက်ဖျက်ခြင်း၊

(ခ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့် တံတားများတွင် လူ့နှင့်တိရိစ္ဆာန်များ ဖြတ်သန်းသွားလာ ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့်စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ဂ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများပေါ်တွင် သွားလာမှုကို အနှောင့်အယှက် သော်လည်းကောင်း၊ ဘေးအန္တရာယ်သော်လည်းကောင်းဖြစ်စေမည့် ပစ္စည်းကိုတမင်ထား ရှိခြင်း၊

(ဃ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများနယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း။

## အခန်း (၇)
## အထွေထွေ

၂၁။ အစိုးရအဖွဲ့၏လက်အောက်ရှိ အခြားဝန်ကြီးဌာနအဖွဲ့အစည်း၏ လုပ်ငန်းလိုအပ်ချက်အရ တိုင်းဒေသကြီး၏ လမ်းကိုဖြတ်သန်း၍ မြေအောက်ပိုက်လိုင်းဆက်သွယ်ခြင်း၊ မြေအောက်လျှပ်စစ်ဓာတ်အားလိုင်းဆက်သွယ်ခြင်း၊ မြေအောက်ကြေးနန်းလိုင်းဆက်သွယ်ခြင်း သို့မဟုတ် မြောင်းဖောက်လုပ်ခြင်းပြုလုပ်ပါက အစိုးရအဖွဲ့သို့တင်ပြဆောင်ရွက်ရမည်။

၂၂။ အသုံးပြုခနှုန်းထားများ၊ ဒဏ်ငွေများ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အများပြည်သူသိရှိနိုင်စေရန် အစိုးရအဖွဲ့၏လမ်းညွှန်ချက်နှင့်အညီဆောင်ရွက်ရမည်။

၂၃။ ဤဥပဒေအရ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့် ညွှန်ကြားချက်များမထုတ်ပြန်မီ လမ်းမကြီးများဆိုင်ရာ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်များနှင့်ညွှန်ကြားချက်များကို ကျင့်သုံးနိုင်သည်။

၂၄။ ဤဥပဒေပါပြဋ္ဌာန်းချက်ကိုဆောင်ရွက်နိုင်ရန်အတွက်-
- (က) အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေများ၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်၊
- (ခ) ဝန်ကြီးသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊အမိန့်နှင့် ညွှန်ကြားချက်များကိုထုတ်ပြန်နိုင်သည်။

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)
သိန်းအောင်
ဝန်ကြီးချုပ်
ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပထမအကြိမ်ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

# ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်
# ဒေသန္တရစီမံကိန်း ဥပဒေ

၂၀၁၄ခုနှစ်

# ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ၊ ဒေသန္တရစီမံကိန်းဥပဒေ

( ၂၀၁၄ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၃ /၂၀၁၄ )

၁၃၇၅ ခုနှစ် ၊တန်ခူး လဆန်း ၉ ရက်

(၂၀၁၄ ခုနှစ်၊ ဧပြီ လ ၈ ရက်)

## နိဒါန်း

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဇယား(၂)တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ဒေသန္တရစီမံကိန်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိတ်တစ် ဒေသအတွက်သော်လည်းကောင်း၊ အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည် ဟူသော ပြဋ္ဌာန်းချက်အရ ဤဥပဒေကို တင်သွင်းခြင်းဖြစ်သည်။

## အခန်း( ၁ )

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွက် ၂၀၁၄ ခုနှစ်၊ ဧပြီလ(၁) ရက် နေ့မှစတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ငါးနှစ် စီမံကိန်း၏ စတုတ္ထနှစ်အတွက် ဒေသန္တရစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော တစ်ဖက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဒေသန္တရစီမံကိန်း** ဆိုသည်မှာ တိုင်းဒေသကြီး၏ လူမှုစီးပွားရေး တစ်ရပ်လုံး အတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေသတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်၍မည်မျှ တိုးတက်ရမည်ဆိုသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရည်မှန်း ချက်များနှင့်လုပ်ငန်းအစီအစဥ်များဖြစ်သည်။ စီမံကိန်းများ၌ အနှစ် ၂၀ နှစ်ရှည် စီမံကိန်း၊ ငါးနှစ်ကာလတို စီမံကိန်းနှင့် အဆိုပါစီမံကိန်းများကို နှစ်စဥ်အကောင် အထည်ဖော်မည့် နှစ်စဥ်စီမံကိန်းများ ပါဝင်ပါသည်။ ယင်းဒေသန္တရစီမံကိန်း များ၌ ကာလအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ် သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ လုပ်ငန်း စီမံကိန်းများ၊ စက်မှုဇုန်များ၊မြို့ပြစီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း များ၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းများ စသည့်စီမံကိန်းများ ဘက်စုံဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူ ရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေး တစ်ရပ် လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ မည်၍မည်မျှ ဖွံ့ဖြိုးတိုးတက်စေရ မည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ် သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဃ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ် သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(င) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သည့် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရ အဖွဲ့များ၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များကို ဆိုသည်။

## အခန်း(၂)

## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ စီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါ အတိုင်း ဖြစ်သည်-

(က) တိုင်းဒေသကြီး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ ၆.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းအရ-

(၁) လယ်ယာကဏ္ဍတွင် ၅.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၆.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိသဖြင့် သစ်တောကဏ္ဍတွင် ၀.၄ ရာခိုင်နှုန်း လျော့နည်းရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၂၉.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၄.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၅.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၇) လျှပ်စစ်ဓါတ်အားကဏ္ဍတွင် ၁၁.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၁၇.၄ ရာခိုင်နှုန်း လျော့နည်းရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၁.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၄၈.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၃၉.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၅၃.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၄.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၂.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၇.၁ ရာခိုင်နှုန်းမှ ၄၇.၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏

ပါဝင်မှုအချိုးအစားကို ၁၄.၆ ရာခိုင်နှုန်း မှ ၁၄.၀ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၃၈.၃ ရာခိုင်နှုန်းမှ ၃၉.၀ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(ဃ) လူတစ်ဦးစီ၏ ပျမ်းမျှ ပြည်တွင်းအသားတင်ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP )မှာနှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၉၃၈၆၈၇ မှကျပ် ၁၀၇၂၃၈၆ သို့ ပြောင်းလဲဖြစ်ပေါ်လာစေရန်။

## အခန်း ( ၃ )

## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ပုဒ်မ (၁)နှင့် (၂) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ် မိမိပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန် ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သောလုပ်ငန်း အစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ် ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင် ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွား အတွက်အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့်စီမံကိန်းများအား ဆက်လက် အကောင်အထည် ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီးပွားရေး စီမံကိန်းများ ဆောင်ရွက်ရာတွင် လက်ငင်းရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည်အကျိုးရှိသော စီမံကိန်းများကိုလည်း မျှတစွာ ထည့်သွင်းစီမံဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ လက်ငင်း ရေတိုနှင့်ရေရှည် အကျိုးဖြစ်ထွန်းစေသော နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ထာဝရ ရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဖြစ်သော လူသား အရင်းအမြစ်များ ဖွံ့ဖြိုးရေး စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထား ဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ဒေသန္တရစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများအနက်ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေး လုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ်ထည့်သွင်းရေးဆွဲရမည်။

၁၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများသည်ဖြစ်မြောက် နိုင်စွမ်း ရှိ မရှိ ၊ စီးပွားရေးအရ တွက်ချေကိုက်မှု ရှိ မရှိ ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက် ရရှိထားပြီး သော လုပ်ငန်းစီမံကိန်းများဖြစ်ရမည်။

၁၂။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဥပဒေအရ ထုတ်ပြန်ထားသည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသောဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့် ညွှန်ကြားချက်၊ လုပ်ထုံးလုပ် နည်းများနှင့်အညီဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)
သိန်းအောင်
ဝန်ကြီးချုပ်
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

ပူးတွဲ-၁

**ရောဝတီတိုင်းဒေသကြီး၏**
**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ဒေသန္တရစီမံကိန်းအရ**
**ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်**
(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | ၂၆၆၂၈၉၈.၁ | ၄၇.၁ | ၁.၄ | ၂၈၂၀၆၄၄.၁ | ၄၇.၀ | ၅.၉ |
| | ၁ | လယ်ယာ | ၁၇၆၀၂၅၀.၃ | ၃၁.၁ | ၀.၂ | ၁၈၆၂၉၈၃.၃ | ၃၁.၀ | ၅.၈ |
| | ၂ | သားငါး | ၈၉၂၃၉၁.၅ | ၁၅.၈ | ၃.၉ | ၉၄၇၄၄၀.၉ | ၁၅.၈ | ၆.၂ |
| | ၃ | သစ်တော | ၁၀၂၅၆.၃ | ၀.၂ | ၀.၉ | ၁၀၂၁၉.၉ | ၀.၂ | -၀.၄ |
| ၂ | | **စက်မှုကဏ္ဍကြီး** | ၈၂၈၀၆၇.၆ | ၁၄.၆ | ၉.၆ | ၈၄၁၁၅၆.၁ | ၁၄.၀ | ၁.၆ |
| | ၄ | စွမ်းအင် | ၃၆၅၄၁.၇ | ၀.၆ | ၀.၉ | ၄၇၂၂၀.၂ | ၀.၈ | ၂၉.၂ |
| | ၅ | သတ္တုနှင့်တွင်းထွက် | ၉၅၉၉.၆ | ၀.၂ | ၀.၁ | ၁၀၀၀၁.၃ | ၀.၂ | ၄.၂ |
| | ၆ | စက်မှုလက်မှု | ၄၅၆၅၈၃.၈ | ၈.၁ | ၁၁.၁ | ၄၇၉၆၂၆.၅ | ၈.၀ | ၅.၀ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၂၂၆၀၆.၆ | ၂.၁ | ၁၄.၀ | ၁၃၆၇၈၃.၁ | ၂.၂ | ၁၁.၆ |
| | ၈ | ဆောက်လုပ်မှု | ၂၀၂၇၃၅.၉ | ၃.၆ | ၅.၉ | ၁၆၇၅၂၅.၀ | ၂.၈ | -၁၇.၄ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | ၂၁၆၈၆၆၈.၂ | ၃၈.၃ | ၉.၇ | ၂၃၄၆၀၅၄.၄ | ၃၉.၀ | ၈.၂ |
| | ၉ | ပို့ဆောင်ရေး | ၉၂၅၉၉၇.၉ | ၁၆.၃ | ၈.၂ | ၉၄၃၀၃၇.၇ | ၁၅.၇ | ၁.၉ |
| | ၁၀ | ဆက်သွယ်ရေး | ၁၄၅၅၄၉.၄ | ၂.၆ | ၇၂.၂ | ၂၁၆၇၇၃.၉ | ၃.၆ | ၄၈.၉ |
| | ၁၁ | ငွေရေးကြေးရေး | ၄၇၂၄.၈ | ၀.၁ | ၄၀.၁ | ၆၆၁၁.၀ | ၀.၁ | ၃၉.၉ |
| | ၁၂ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၇၄၀၅.၀ | ၁.၅ | ၂.၉ | ၁၃၃၉၇၁.၀ | ၂.၂ | ၅၃.၃ |
| | ၁၃ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁၃၄၃၂၀.၃ | ၂.၄ | ၁၃.၄ | ၁၅၃၃၈၇.၉ | ၂.၆ | ၁၄.၂ |
| | ၁၄ | ကုန်သွယ်မှု | ၈၇၀၆၇၀.၈ | ၁၅.၄ | ၅.၀ | ၈၉၂၁၇၂.၉ | ၁၄.၈ | ၂.၅ |
| ၄ | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | ၅၆၅၉၆၃၃.၉ | ၁၀၀.၀ | ၅.၆ | ၆၀၀၇၈၅၄.၆ | ၁၀၀.၀ | ၆.၂ |

ပူးတွဲ-၂

## ဧရာဝတီတိုင်းဒေသကြီး၏
## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ဒေသန္တရစီမံကိန်းအရ
## ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်
(၂၀၁၀-၂၀၁၁ ခုနှစ်ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | ထုတ်လုပ်မှုတန်ဖိုး | ၃၄၉၀၉၆၅.၇ | ၆၀.၇ | ၃.၂ | ၃၆၆၁၈၀၀.၂ | ၆၁.၀ | ၄.၉ |
| | ၁ | လယ်ယာ | ၁၇၆၀၂၅၀.၃ | ၃၁.၁ | ၀.၂ | ၁၈၆၂၉၈၃.၃ | ၃၁.၀ | ၅.၈ |
| | ၂ | သားငါး | ၈၉၂၃၉၀.၅ | ၁၅.၈ | ၃.၉ | ၉၄၇၄၄၀.၉ | ၁၅.၈ | ၆.၂ |
| | ၃ | သစ်တော | ၁၀၂၅၆.၃ | ၀.၂ | ၀.၉ | ၁၀၂၁၉.၉ | ၀.၂ | -၀.၄ |
| | ၄ | စွမ်းအင် | ၃၆၅၄၁.၇ | ၀.၆ | ၀.၉ | ၄၇၂၂၀.၂ | ၀.၈ | ၂၉.၂ |
| | ၅ | သတ္တုနှင့်တွင်းထွက် | ၉၅၉၉.၆ | ၀.၂ | ၀.၁ | ၁၀၀၀၁.၃ | ၀.၂ | ၄.၂ |
| | ၆ | စက်မှုလက်မှု | ၄၅၆၅၈၃.၈ | ၈.၁ | ၁၁.၁ | ၄၇၉၆၂၆.၅ | ၈.၀ | ၅.၀ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၂၂၆၀၆.၆ | ၂.၁ | ၁၄.၀ | ၁၃၆၇၈၃.၁ | ၂.၂ | ၁၁.၆ |
| | ၈ | ဆောက်လုပ်မှု | ၂၀၂၇၃၅.၉ | ၃.၆ | ၅.၉ | ၁၆၇၅၂၅.၀ | ၂.၈ | -၁၇.၄ |
| ၂ | | ဝန်ဆောင်မှုတန်ဖိုး | ၁၂၉၇၉၉၇.၄ | ၂၂.၉ | ၁၃.၂ | ၁၄၅၃၈၈၁.၅ | ၂၄.၂ | ၁၂.၀ |
| | ၁ | ပို့ဆောင်ရေး | ၉၂၅၉၉၇.၉ | ၁၆.၃ | ၈.၂ | ၉၄၃၀၃၇.၇ | ၁၅.၇ | ၁.၉ |
| | ၂ | ဆက်သွယ်ရေး | ၁၄၅၅၄၉.၄ | ၂.၆ | ၇၂.၂ | ၂၀၆၇၇၃.၉ | ၃.၆ | ၄၈.၉ |
| | ၃ | ငွေရေးကြေးရေး | ၄၇၂၄.၈ | ၀.၁ | ၄၀.၁ | ၆၆၁၁.၀ | ၀.၁ | ၃၉.၉ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၇၄၀၅.၀ | ၁.၅ | ၂.၉ | ၁၃၃၉၇၀.၀ | ၂.၂ | ၅၃.၃ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁၃၄၃၂၀.၃ | ၂.၄ | ၁၃.၄ | ၁၅၃၃၈၇.၉ | ၂.၆ | ၁၄.၂ |
| ၃ | | ကုန်သွယ်မှုတန်ဖိုး | ၈၇၀၆၇၀.၈ | ၁၅.၄ | ၅.၀ | ၈၉၂၀၇၂.၉ | ၁၄.၈ | ၂.၅ |
| ၄ | | အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး | ၅၆၅၉၆၃၃.၉ | ၁၀၀.၀ | ၅.၆ | ၆၀၀၇၈၅၄.၆ | ၁၀၀.၀ | ၆.၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပထမအကြိမ်ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

# ၂၀၁၄ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

၂၀၁၄ ခုနှစ်

# ၂၀၁၄ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

# (၂၀၁၄ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၄/၂၀၁၄။)

၁၃၇၅ ခုနှစ်၊တန်ခူး လဆန်း ၁၀ ရက်

(၂၀၁၄ ခုနှစ်၊ ဧပြီ လ ၉ ရက်)

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၄ ခုနှစ် ၊ ဧရာဝတီတိုင်းဒေသကြီး ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၄ – ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

# အပိုင်း ၂

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသောရငွေများကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ တိုင်းဒေသကြီးလွှတ်တော် ၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ် အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကိုစီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊သက်ဆိုင်ရာဥပဒေများ၊နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသော ရငွေများ အနက် ပြည်ပအကူအညီရငွေ နှင့် ချေးယူရငွေတို့အတွက် လျာထားရန် အကြောင်းပေါ် ပေါက်လာပါက ယင်းသို့ ရရှိသော ငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များ ကြောင့် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားခြင်း မရှိ သေးသော သုံးငွေများကို သုံးစွဲရန်ကိစ္စများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ဖြင့်ခွင့်ပြုပါက တိုင်းဒေသကြီး အစိုးရအဖွဲ့က တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။ သို့ရာတွင် ယင်းသို့ ချေးယူသုံးစွဲသည့်ငွေသည် ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသတ်မှတ်ထားသည့်ငွေထက် မပိုစေရ။

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာန များနှင့် တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများသည် လုပ်ငန်း အရ လိုအပ်လျှင် ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြထားသော ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။ အခွန်ဆိုင်ရာ ဥပဒေများနှင့်အညီ ရသင့် ရထိုက်သော အခွန်ငွေများ အပြည့်အဝရရှိစေရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ နှင့် တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများသည်

လုပ်ငန်းအရ လိုအပ်လျှင် ဇယား(၂)နှင့် (၄)တို့တွင် ဖော်ပြထားသော သုံးငွေများကိုစီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြသော ၂၀၁၄ – ၂၀၁၅ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကိုထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

## တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ

၅။ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၆။ (က) တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေ နှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၃) နှင့် (၄)တို့တွင် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်း နှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါတာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကိုစီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊

သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၇။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့သည်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၃) နှင့် (၄)တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်း နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၄ – ၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကိုထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၈။ တိုင်းဒေသကြီးအဆင့် ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

### အခန်း (၁)

### ရငွေများနှင့်သုံးငွေများ

၉။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကိုဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော

ရငွေများကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၁၀။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကိုစာရင်းပြုစုရန်အလို့ငှာ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေ စာရင်းတွင် ဖော်ပြရမည်။

၁၁။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ရငွေများ နှင့် သုံးငွေများသည် တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများဖြစ်သည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသည့် ရငွေတို့ကိုစီမံကြီးကြပ် ကောက်ခံခြင်း နှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၂)

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ နှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၂။ (က) တိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်း လိုအပ်ချက်အရ ဤဥပဒေ၏ဇယား (၅)တွင်ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျှော့ခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊

ဤဥပဒေ၏ ဇယား (ဇ)အရခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့် ကြွေးမြီသုံးငွေများတွင် ငွေများပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်း စီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်းစီမံကိန်း တစ်ခုစီအတွင်း ငွေများပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ရငွေများ နှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၄ –၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ခြင်း အကျိုးအကြောင်းဖော်ပြချက် များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင်အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်း နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများ နှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသော ၂၀၁၄ –၂၀၁၅ ခုနှစ်အတွက်ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ငွေများပြောင်းလဲခြင်းကို ကိစ္စတစ်ရပ်ခြင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ၂၀၁၄ –၂၀၁၅ ခုဘဏ္ဍာရေးနှစ်အတွင်း အနီးစပ်ဆုံးကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက်လိုအပ်သည့် ငွေကိုလည်းကောင်း၊ ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့် ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)
သိန်းအောင်
ဝန်ကြီးချုပ်
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၁)

(ထောင်သိန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ချေးငွေ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | | | ၃၆၀၀,၀၀၀ | | | |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၁၀၃,၃၅၀ | | | | | | |
| ၄ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | | ၁,၆၀၄ | | | | | | |
| ၅ | စာရင်းရုံးများ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀,၁၄၅ | | | | | | |
| | | ပေါင်း | | | ၁၁၅,၀၉၉ | | | ၃၆၀၀,၀၀၀ | | | |

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | လောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရှင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၈၁၉.၁၆၂ | | ၄၆၀၀.၀၀၀ | ၂၈၄၃.၄၇၀ | | | |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၃၉.၁၄၅ | | | ၁၅.၀၀၀ | | | |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားသူကြီးချုပ်က တာဝန်ပေးသူ | ၁၀၁.၄၉၂ | | | | | | |
| ၄ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၄၇၃.၃၆၅ | | | ၁၄၄.၀၀၀ | | | |
| ၅ | စာရင်းရုံးများ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၉၂၀.၀၅၉ | | | ၁၆၄.၈၅၀ | | | |
| | | ပေါင်း | ၂၈၅၃.၂၂၃ | | ၄၆၀၀.၀၀၀ | ၃၁၆၇.၃၂၀ | | | |

# တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ချေးမြီ - ထုတ်ချေးငွေ အတုံးပြန်ရငွေ | ချေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြည်တွင်းထုတ်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် တွင် ကောက်ခံသည့်အခွန်အကောက် | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၅၈၂.၇၃၀ | | | | | | | | |
| | ၁ | ထစ်မျိုးခွန် | | ၁၅၈၂.၇၃၀ | | | | | | | | |
| ၂ | | နိုင်ငံတော်ပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက် | ၄င်း | ၄၆၅၀.၃၈၁ | | | | | | | | |
| | ၁ | မြေယာပေါ် တွင်ကောက်ခံသည့်အခွန် | | ၃၀.၃၅၀ | | | | | | | | |
| | ၂ | ကာကမိခွန် | | ၇.၂၂၈ | | | | | | | | |
| | ၃ | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၉၉၇.၁၁၄ | | | | | | | | |
| | ၄ | မိုက်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၇.၇၈၆ | | | | | | | | |
| | ၅ | အင်းလိုင်ခွန် | | ၄၁၀၉.၄၇၀ | | | | | | | | |
| ၃ | | စည်ပင်သာယာရေးအဖွဲ့များမှကောက်ခံသည့်အခွန် | ၄င်း | ၇၈၂.၉၇၁ | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၆၂၆.၇၀၇ | | | | | | | | |
| | ၂ | ဘီးခွန် | | ၁၅၆.၂၆၄ | | | | | | | | |
| ၄ | | တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | ၄င်း | | ၂၇၀.၃၅၆ | | | | | | | |

တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)၊ အဆိုး
(ကျပ်သန်းပေါင်း)

| စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | အခွန်အကောက် | တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားဘဏ္ဍာရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ချေးငွေ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးငွေ - ချေးယူရငွေ | အဖွဲ့အစည်းများသို့ရင်းနှီးငွေမှရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | ပြည်ထဲရေး | တိုင်းဒေသကြီးဝန်ကြီးချုပ်ရုံးမှတဆင့် | | | ၁၃.၃၂၄ | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၁၂.၂၉၂ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၀.၀၃၂ | | | | | | |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၁.၀၀၀ | | | | | | |
| ၆ | | သမဝါယမ | ၄င်း | | | ၇.၂၂၀ | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၇.၂၂၀ | | | | | | |
| ၇ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၄င်း | | | ၅၄.၀၀၀ | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၂၂.၀၀၀ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၃၂.၀၀၀ | | | | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | | | | | | | | | |
| ၈ | | မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၄င်း | | | ၂၂.၇၅၅ | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၂၀.၀၀၀ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၂.၇၅၅ | | | | | | |
| ၉ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၄င်း | | | ၂၀.၄၃၆ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၂၀.၄၃၆ | | | | | | |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | | | | | | | |
| ၁၀ | | အားကစား | ၄င်း | | | ၀.၀၀၅ | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၀.၀၀၅ | | | | | | |
| ၁၁ | | ဘဏ္ဍာရေး | ၄င်း | | | | | | ၈၄၅၃၃.၄၃၃ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၈၄၅၃၃.၄၃၃ | | | |
| ၁၂ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၄င်း | | | ၀.၀၃၀ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀.၀၃၀ | | | | | | |
| ၁၃ | | ဆောက်လုပ်ရေး | ၄င်း | | | ၆၃.၄၃၅ | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၀.၄၃၅ | | | | | | |
| | ၂ | အဆောက်အအုံ၊ လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | | | ၆၃.၀၀၀ | | | | | | |
| ၁၄ | | အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး | ၄င်း | | | ၀.၀၀၂ | | | | | | |
| | ၁ | ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | | | ၀.၀၀၂ | | | | | | |
| ၁၅ | | စည်ပင်သာယာရေးအဖွဲ့များ | ၄င်း | | | ၇၅၅၉.၁၉၇ | | | | | | |
| | | ပေါင်း | | ၇၀၁၆.၀၈၂ | ၂၀၀.၄၃၆ | ၇၇၄၀.၄၀၄ | | | ၈၄၅၃၃.၄၃၃ | | | |

၂၀-၆

## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - အသုံးစရိတ်ငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ချေးငွေ - ထုတ်ချေးငွေ | ချေးငွေ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြည်ထဲရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် | ၁၁၀၄၄.၂၄၁ | | | ၃၀၈၈.၇၉၃ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သို့မဟုတ် | ၉၃၀၄.၀၁၇ | | | ၄၂၂.၅၉၃ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က | ၁၄၂.၄၂၉ | | | ၄၂၈၄၀ | | | |
| | ၃ | မီးသတ်ဦးစီးဌာန | တာဝန်ပေးသူ | ၁၅၉၇.၇၉၅ | | | ၂၆၁၅.၃၆၀ | | | |
| ၂ | | သမဝါယမ | ၄င်း | ၈၄၃.၀၁၉ | | | ၁၀.၉၉၅ | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၈၄၃.၀၁၉ | | | ၁၀.၉၉၅ | | | |
| ၃ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၄င်း | ၂၃၀၈.၈၀၉ | | | ၇၂၆၀၄ | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၈၂၃.၈၀၄ | | | ၉၂.၁၀၀ | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၁၀၆၄.၈၀၅ | | | ၄၀.၅၀၄ | | | |
| | ၃ | ဓာတ်မြေသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၆.၉၂၀ | | | | | | |
| ၄ | | မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၄င်း | ၁၀၅၃.၈၇၀ | | | ၁၃၇.၉၉၀ | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၅၈၇.၄၇၅ | | | ၅၀.၅၃၁ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၄၆၆.၄၉၃ | | | ၈၆.၈၅၉ | | | |
| ၅ | | သစ်တောနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၄င်း | ၉၈၆.၃၂၀ | | | ၈၆.၂၄၂ | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၉၂၅.၂၃၈ | | | ၄၆.၂၄၂ | | | |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၆၀.၀၆၂ | | | ၄၀.၀၀၀ | | | |
| ၆ | | အားကစား | ၄င်း | ၃၈၁.၇၁၄ | | | ၄၄၆.၃၈၈ | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၃၈၁.၇၁၄ | | | ၄၄၆.၃၈၈ | | | |
| ၇ | | ဘဏ္ဍာရေး | ၄င်း | ၅၄.၃၁၀ | | | ၂၆.၆၀၉ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၅၄.၃၁၀ | | | ၂၆.၆၀၉ | | | |
| ၈ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၄င်း | ၄၃၀.၄၄၀ | | | ၂၄၅၆၆၂ | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၄၃၀.၄၄၀ | | | ၂၄၅၆၆၂ | | | |
| ၉ | | ဆောက်လုပ်ရေး | ၄င်း | ၉၅၀၀.၈၇၀ | | | ၅၄၇၁၁.၃၈၈ | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၂၉.၇၆၄ | | | ၃၀၉.၉၉၄ | | | |
| | ၂ | အဆောက်အအုံ၊ လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၉၄၅၁.၅၀၆ | | | ၅၄၉၉၇.၉၉၅ | | | |
| ၁၀ | | အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး | ၄င်း | ၅၂.၄၀၃ | | | | | | |
| | ၁ | ဖေါ်ပြည်တွင်းကုန်ထုတ်ကုန်ချထော်မထီရုံး | | ၅၂.၄၀၃ | | | | | | |
| ၁၁ | | စည်ပင်သာယာရေးအဖွဲ့များ | ၄င်း | ၃၈၂၂.၅၀၆ | | | ၄၄၇၈.၇၆၄ | | | |
| | | ပေါင်း | | ၃၀၉၆၉.၄၉၀ | | | ၆၃၁၈၈.၈၈၂ | | | |

## တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ချေးငွေ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးငွေ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | မြန်မာ့ရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် | | | ၄၂၉၄၅ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၄၂၉၄၅ | | | | | | |
| ၂ | | သတ္တုတွင်း | ၎င်း | | | ၇၀,၀၀၀ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓါတုပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | | | | ၇၀,၀၀၀ | | | | | | |
| ၃ | | ဆောက်လုပ်ရေး | ၎င်း | | | ၁၇၄၅၂၀၀၁ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၁၇၄၅၂၀၀၁ | | | | | | |
| | | | ပေါင်း | | | ၁၇၅၆၄၉၄၆ | | | | | | |

တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(ဂ)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | တော်ပုံငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | မြန်ကြားရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် | ၄၄.၁၄၃ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄၄.၁၄၃ | | | | • | | |
| ၂ | | သတ္တုတွင်း | ဖွင့် | ၇၁.၁၄၀ | | | | | | |
| | ၁ | မြန်မာ့ကျောက်မျက်ရတနာနှင့် အဖွဲ့ဝင်ကျောက်မျက်ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | | ၇၁.၁၄၀ | | | | | | |
| ၃ | | ဆောက်လုပ်ရေး | ဖွင့် | ၅၂၀၁၁.၄၄၀ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၅၂၀၁၁.၄၄၀ | | | | | | |
| | | | ပေါင်း | ၅၂၀၇၁.၆၈၃ | | | | | | |

၆၀-၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပထမအကြိမ်ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

# ဧရာဝတီတိုင်းဒေသကြီး
# ယစ်မျိုးခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

၂၀၁၄ခုနှစ်

# ဧရာဝတီတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

( ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ်-၅/၂၀၁၄ )

( ၁၃၇၆ခုနှစ် ၊ တော်သလင်းလဆန်း ၄ ရက် )

( ၂၀၁၄ခုနှစ် ၊ ဩဂုတ်လ ၂၈ ရက် )

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ဧရာဝတီတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဧရာဝတီတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေအခန်း(၃) ပုဒ်မ ၄တွင်ပါရှိသောဤဥပဒေပါ နောက်ဆက်တွဲဇယားအတိုင်း ကောက်ခံရန် ဆိုသည့်စကားရပ်၏နောက်တွင် ကောက်ခံရန် ယစ်မျိုးခွန်ဥပဒေ (၈/၂၀၁၃)ဖြင့် သတ်မှတ်ခဲ့ပြီးဖြစ်သော်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန (ရုံးချုပ်)မှ ထပ်မံ ထုတ်ပြန်ခဲ့သည့် ယစ်မျိုးခွန်တိုးမြှင့်ကောက်ခံရေး ဥပဒေတွင် မပါဝင်ခဲ့သည့် ယစ်မျိုးခွန် နှုန်းထားပူးတွဲဇယားပါအတိုင်း တိုးမြှင့်ကောက်ခံရန် ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ ဧရာဝတီတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေအခန်း(၃) ပုဒ်မ ၄ တွင်ပါရှိသော နောက်ဆက်တွဲ(ခ) အမှတ်စဉ်(၁၄)၏နောက်တွင် ပူးတွဲပါအတိုင်း အမှတ်စဉ်(၁၅)မှ (၂၄)အထိ ဖြည့်စွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းအောင်

ဝန်ကြီးချုပ်

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

## ဧရာဝတီတိုင်းဒေသကြီးအတွင်း ယစ်မျိုးခွန်တိုးမြှင့်ကောက်ခံရန် လျာထားချက် တင်ပြခြင်း

| စဉ် | လိုင်စင် အမျိုးအစား | လိုင်စင်အဓိပ္ပါယ် | လက်ရှိကောက်ခံ နေသည့်လိုင်စင် နှုန်းထား | တိုးမြှင့်ရန် လျာထားသည့် နှုန်းထား |
|---|---|---|---|---|
| ၁၅။ | CS-2 | အရက်ချက်ရုံလက်ရှိထားရန်နှင့်ချက်လုပ်ရန်၊ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့တည်းမဟုတ် ပြင်ပသို့ယူဆောင်သွားရန်အတွက် လက်လီရောင်းချခွင့်လိုင်စင် | လေလံ | လေလံ |
| ၁၆။ | FL-4 | ပြည်ပမှတင်သွင်းလာသော နိုင်ငံခြားအရက်ပြင်း (Foreign Spirit)ကိုပေါင်းစပ်ခွင့်၊ ရောနှောခွင့် ၊အနံ့ထည့်ခွင့်နှင့် အရောင်ဆိုးခွင့် လိုင်စင် | ၁၀၀၀၀၀ | ၅၀၀၀၀၀ |
| ၁၇။ | FL-5 | နိုင်ငံခြားအရက်ပြင်း(Foreign Spirit)ကိုပုလင်းသွပ်ခွင့်လိုင်စင် | ၁၀၀၀၀၀ | ၅၀၀၀၀၀ |
| ၁၈။ | FL-7 | မြန်မာနိုင်ငံအတွင်းထုတ်လုပ်သော နိုင်ငံခြားအရက်ကို ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ပြင်ပသို့ယူဆောင်သွားရန် လက်လီရောင်းချခွင့်လိုင်စင် | ၆၀၀၀၀၀ | ၁၀၀၀၀၀၀ |
| ၁၉။ | FL-8 | မြန်မာပြည်တွင်းရှိ ဘီယာစက်ရုံမှ ထုတ်လုပ်သော ဘီယာ များကို လက္ကားရောင်းချခွင့်လိုင်စင် | ၁၀၀၀၀၀၀ | ၅၀၀၀၀၀၀ |
| ၂၀။ | FL-10 | ဘီယာကိုဆိုင်ဥပစာအတွင်း သောက်သုံးရန် ၊ သို့တည်း မဟုတ် ပြင်ပသို့ယူဆောင်သွားရန် လက်လီရောင်းချခွင့် လိုင်စင် | လေလံ | လေလံ |
| ၂၁။ | FL-13 | ဆိုင်ဥပစာအတွင်းသောက်သုံးရန်သော်လည်းကောင်း၊ ဆိုင်ပြင်ပသို့ထုတ်ယူသွားရန်လည်းကောင်း၊ နိုင်ငံခြားအရက်လက်လီရောင်းချခွင့်လိုင်စင် | ၆၀၀၀၀၀ | ၁၀၀၀၀၀၀ |
| ၂၂။ | FL-15 | နိုင်ငံခြားအရက်များ(Foreign Alcoholic Liquor)ကို ဟိုတယ်၊မိုတယ်၊ အင်း၊တည်းခိုခန်း ဥပစာအတွင်း တည်းခိုသူများနှင့် ခရီးသွားသူများ သောက်သုံးရန် ဟိုတယ်၊ မိုတယ်၊အင်း၊တည်းခိုခန်းပိုင်ရှင်(သို့မဟုတ်) မန်နေဂျာအားဆိုင်ဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | ၆၀၀၀၀၀ | ၁၅၀၀၀၀၀ |
| ၂၃။ | FL-21 | နိုင်ငံခြားအရက်များ(Foreign Alcoholic Liquor)ကို သင်္ဘောဝန်ထမ်းများနှင့်ခရီးသည်များသင်္ဘောပေါ်တွင် သောက်သုံးရန်သင်္ဘောမာလိန်မှူး(သို့မဟုတ်)ဘဏ္ဍာစိုးက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၅၀၀၀၀၀ | ၈၀၀၀၀၀ |
| ၂၄။ | FL-23 | မူးယစ်စေတတ်သောဆေးဝါးမဟုတ်သော အရက်ပျံရာခိုင်နှုန်း၂၀မှ၄၅ထိပါဝင်သည့်ဆေးဖက်ဝင်သောဝိုင်နှင့်အလားတူဖျော်ရည်များကို ဆေးဆရာ(သို့မဟုတ်) ကျန်းမာရေးဝန်ထမ်း(သို့မဟုတ်)ကုန်စုံဆိုင်ပိုင်ရှင်က ရောင်းချခွင့်လိုင်စင် | ၅၀၀၀ | ၁၀၀၀၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပထမအကြိမ်ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

# ဧရာဝတီတိုင်းဒေသကြီးအပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေးဥပဒေ

၂၀၁၄ခုနှစ်

# ဧရာဝတီတိုင်းဒေသကြီး အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေး ဥပဒေ

( ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥပဒေအမှတ်- ၆/၂၀၁၄)
၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်
(၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

## နိဒါန်း

၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဧရာဝတီတိုင်းဒေသကြီး အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် နှိမ်နင်းရေးဥပဒေကို ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်က ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ဧရာဝတီတိုင်းဒေသကြီးအပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့်နှိမ်နင်းရေး ဥပဒေဟုခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်စေရမည်။

၂။ ဤ ဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီးဆိုသည်မှာ** ဧရာဝတီတိုင်းဒေသကြီးကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့ဆိုသည်မှာ** ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးဌာနဆိုသည်မှာ** ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနကိုဆိုသည်၊

(ဃ) **ဝန်ကြီး ဆိုသည်မှာ** ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေး ဝန်ကြီးဌာန ဝန်ကြီးကိုဆိုသည်၊

(င) **ကော်မတီ ဆိုသည်မှာ** ဤ ဥပဒေအရ ဖွဲ့စည်းသော ဧရာဝတီတိုင်းဒေသကြီး အပင်နှင့်သီးနှံ ဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့်နှိမ်နင်းရေး ကော်မတီကို ဆိုသည်၊

(စ) **အပင်ဆိုသည်မှာ** စိုက်ပျိုးနိုင်သောအပင်နှင့် အပင်၏အစိတ်အပိုင်းကို ဆိုသည်၊

(ဆ) **ပိုးမွှားဆိုသည်မှာ** သီးနှံ ၊ ရိက္ခာ သို့မဟုတ် ပစ္စည်းများကို ဖျက်ဆီးသော လူ သို့မဟုတ် တိရစ္ဆာန် နှောင့်ယှက်သော ပိုးကောင် ၊ မွှားကောင် ၊ ကြွက် ၊ ပွေး ၊ ခရု ၊ ပေါင်းပင်ကို ဆိုသည်။ ယင်းစကားရပ်တွင်အပင်ရောဂါဖြစ်စေသော အခြား ပိုးမွှားများနှင့် စိုက်ပျိုးရေးဦးစီးဌာနက သတ်မှတ်သည့် သက်ရှိလည်းပါဝင်သည်၊

(ဇ) **ပိုးသတ်ဆေးဆိုသည်မှာ** ပုဒ်မခွဲ (ဆ)ပါ ပိုးကောင်များ ၊ မွှားကောင်များနှင့် အပင်ရောဂါ စသည်တို့ကို ကာကွယ်နှိမ်နှင်းရာတွင် အသုံးပြုသော ဆေးကိုဆိုသည်၊

(ဈ) **အဆိပ်ရှိပစ္စည်းဆိုသည်မှာ** ပိုးသတ်ဆေးတွင်ပါဝင်သော အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အဆိပ်သင့်စေသည့် ဓါတုပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်၊

(ည) **တံဆိပ်ဆိုသည်မှာ** ပိုးသတ်ဆေး ထည့်သွင်းထားသည့် ပစ္စည်းတွင်ဖြစ်စေ ၊ ထုပ်ပိုးထားသော ပစ္စည်းတွင်ဖြစ်စေ၊ ကပ်ထားသော သို့မဟုတ်ချိတ်ဆွဲထားသော ပုံနှိပ်ထားသည့် အညွှန်းစာ အမှတ်အသားများကို ဆိုသည်၊

(ဠ) **လိုင်စင်ဆိုသည်မှာ** ဤ ဥပဒေအရ ပိုးသတ်ဆေးလက်လီလက်ကားရောင်းချခြင်းနှင့်စပ်လျဉ်း၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် လုပ်ငန်းကို သက်ဆိုင်ရာဦးစီးမှူးက လုပ်ငန်းလုပ်ကိုင်လိုသူအား ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်၊

(ဥ) **လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူ** ဆိုသည်မှာ အဆိပ်အတောက်ပြင်းထန်သည့် ပိုးသတ်ဆေးက သုံးစွဲရာတွင် ကျွမ်းကျင်စွာ ကိုင်တွယ်သုံးစွဲနိုင်သူဖြစ်ကြောင်း အသိအမှတ်ပြုလက်မှတ်ရထားသူက ဆိုသည်၊

(ဍ) **ဦးစီးမှူး**ဆိုသည်မှာ တိုင်းဒေသကြီး ၊ ခရိုင်နှင့် မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆော သည့် စိုက်ပျိုးရေးဦးစီးဌာန၏ တာဝန်ခံအသီးသီးကို ဆိုသည်၊

(ပ) **စစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ဝန်ကြီးက စစ်ဆေးရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်သည့်အဖွဲ့က ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤ ဥပဒေကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည် -

(က) အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေးကို စနစ်တကျ ထိရောက်စွ ဆောင်ရွက်နိုင်ရန်၊

(ခ) အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေးကို စနစ်တကျ ထိရောက်စွ ဆောင်ရွက်နိုင်ခြင်းဖြင့် တစ်ဧက သီးနှံထွက်နှုန်း တိုးတက်မြင့်မားကာ နိုင်ငံတော်၏ စီးပွားရေ ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်၊

(ဂ) စိုက်ပျိုးသူများက ပိုးသတ်ဆေးကို စနစ်တကျသုံးစွဲနိုင်ရေးအတွက် ပညာပေးလုပ်ငန်းနှ သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်၊

(ဃ) ပိုးသတ်ဆေး သုံးစွဲခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းများ ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ပူးပေါင် ဆောင်ရွက်နိုင်ရန်၊

(င) ပိုးသတ်ဆေးကို အန္တရာယ်ကင်းစွာ စနစ်တကျ အကျိုးရှိရှိ သုံးစွဲခြင်းအားဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူပြုစေရန်။

## အခန်း ( ၃ )
## ကော်မတီဖွဲ့စည်းခြင်း

၄။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် -

(က) ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း ၊ တိုင်းဦးစီးမှူးက အတွင်းရေးမှူးအဖြစ် လည်းကောင်း သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် ကျွမ်းကျင်သူ ပညာရှင်များက အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်သော ကော်မတီကို ဖွဲ့စည်းရမည်၊

(ခ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းသောကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း ( ၄ )
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၅။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ မူဝါဒ ချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း ၊

(ခ) အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေးနှင့်စပ်လျဉ်း၍ ပိုးသတ်ဆေးသုံးစွဲရာတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကင်းရှင်းစေရေး ၊ လူနှင့်တိရစ္ဆာန်များကို အန္တရာယ်မဖြစ်ပေါ်စေရေး တို့အတွက်လိုအပ်သောညွှန်ကြားချက်များထုတ်ပြန်ခြင်း ၊

(ဂ) ပိုးသတ်ဆေးလက်လီ လက်ကားရောင်းချခွင့်လိုင်စင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ် ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါများကျရောက်လာပါက ထိရောက်စွာ နှိမ်နင်းနိုင်ရေးအတွက် လိုအပ်သော အစီအမံများချမှတ်ဆောင်ရွက်ခြင်း၊

(င) အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါများနှင့်စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်စေခြင်း၊

(စ) စိုက်ပျိုးသူများက ပိုးသတ်ဆေးကို စနစ်တကျသုံးစွဲတတ်စေရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဆ) အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် အစိုးရဌာနအဖွဲ့အစည်းများ ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း များ ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ၊

(ဇ) စီမံခန့်ခွဲနည်းလမ်းအရ အရေးယူခြင်း။

၆။ ဝန်ကြီးသည် ကော်မတီ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် -

(က) ကော်မတီ၏ အတွင်းရေးမှူးအား အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်စေလျက် သင့်လျော်သော ကျွမ်းကျင်သူပညာရှင်များနှင့် ပိုးမွှားရောဂါဆိုင်ရာနည်းပညာအဖွဲ့ကို ဖွဲ့စည်းပြီး ယင်းအဖွဲ့၏ တာဝန်များကို သတ်မှတ်ပေးရမည်၊

(ခ) သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် လုပ်ငန်းဆိုင်ရာဆပ်ကော်မတီများကို ဖွဲ့စည်းပြီး ယင်းဆပ်ကော်မတီများ၏ တာဝန်များကို သတ်မှတ်ပေးရမည်၊

(ဂ) စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

## အခန်း ( ၅ )
## လိုင်စင်

၇။ (က) ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော ပိုးသတ်ဆေးကို လက်လီလက်ကား ရောင်းချလိုသူသည် သတ်မှတ်ချက်များနှင့်အညီ မြို့နယ်ဦးစီးမှူးစိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် ခရိုင်ဦးစီးမှူး လျှောက်ထားရမည်၊

(ခ) ခရိုင်ဦးစီးမှူးသည် ပုဒ်မခွဲ (က)အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်

လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်။ ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကျိုးအကြော
ဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၈။ လိုင်စင်ရရှိသူသည် ဤ ဥပဒေနှင့် ဤ ဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊လုပ်ထုံးလုပ်နည်းမျာ
စည်းမျဉ်းစည်းကမ်းများ ၊ အမိန့်ကြော်ငြာစာများ ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

၉။ (က) လိုင်စင်ရရှိသူသည် လုပ်ငန်းကိုဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရ
သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ပုဒ်မ ၇ နှင့်အညီ လျှောက်ထားရမည
(ခ) သက်ဆိုင်ရာအနေဖြင့် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်သက်တမ်းတိုးမြ
ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၀။ လိုင်စင်ရရှိသူသည် လိုင်စင်ခနှင့် လိုင်စင်သက်တမ်းတိုးမြှင့်ခတို့ကို သတ်မှတ်သည့် နည်းလမ်းများနှင့်အည
တိုင်းဦးစီးဌာနသို့ပေးသွင်းရမည်။

## အခန်း(၆)
## အပင်နှင့်သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

၁၁။ အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းများကို အောက်ပါနည်းလမ်းမျာ
အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) **အပင်နှင့်သီးနှံဖျက်ပိုးမွှားဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းရေး နည်းစနစ်များ**
(၁) စိုက်စနစ်ဖြင့် ကာကွယ်နှိမ်နင်းခြင်း ၊
(၂) လက်လုပ်နည်းဖြင့် ကာကွယ်နှိမ်နင်းခြင်း ၊
(၃) ရူပနည်းဖြင့်ကာကွယ်နှိမ်နင်းခြင်း ၊
(၄) ဇီဝနည်းဖြင့် ကာကွယ်နှိမ်နင်းခြင်း ၊
(၅) ဥပဒေဖြင့်ကာကွယ်တားဆီးခြင်း၊
(၆) ဓါတုနည်းဖြင့် ကာကွယ်နှိမ်နင်းခြင်း၊ အစရှိသည့်နည်းလမ်းများဖြင့် ကာကွယ်နှိမ်နင်းခြင်း

(ခ) **သိုလှောင်သီးနှံဖျက်ပိုးကာကွယ်နှိမ်နင်းခြင်း**
(၁) ရိုးရာနည်းဖြင့် သိုလှောင်ခြင်း၊
(၂) ခေတ်မီနည်းဖြင့် သိုလှောင်ခြင်း၊
(၃) ဓါတုနည်းဖြင့်ကာကွယ်နှိမ်နင်းခြင်း။

## အခန်း ( ၇ )
## လိုင်စင်ရရှိသူ၏တာဝန်နှင့်ဆောင်ရွက်ခွင့်များ

၁၂။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းရောင်းချခွင့်လိုင်စင်ရရှိသူသည် -
(က) လိုင်စင်ပါသက်တမ်းနှင့် အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်၊
(ခ) ပေးဆောင်ရန်ရှိသော လိုင်စင်ခကို ပေးဆောင်ရမည်၊

(ဂ) လိုင်စင်လက်မှတ်ကို ဆိုင်တွင် မြင်သာသောနေရာ၌ ချိတ်ဆွဲထားရမည်၊

(ဃ) ရောင်းချသည့်ပိုးသတ်ဆေးများ၏ အာနိသင်ကျဆင်းစေရန် အခြားအရာဝတ္ထုပစ္စည်း တစ်စုံတစ်ရာနှင့် ရောနှောခြင်း ၊ ပြုပြင်ခြင်း ၊ မမှန်မကန် ကြော်ငြာရောင်းချခြင်းမပြုရ၊

(င) လိုင်စင်တွင် ဖော်ပြပါရှိသည့် စည်းကမ်းချက်များကို လိုက်နာရမည်၊

(စ) အန္တရာယ်ကြီးမားသော ပိုးသတ်ဆေးကို သက်ဆိုင်ရာဦးစီးမှူးက ထုတ်ပေးသောဝယ်ယူ ခွင့်လက်မှတ်တင်ပြနိုင်သူကိုသာရောင်းချရမည်၊

(ဆ) စစ်ဆေးရေးအဖွဲ့က လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်၊

(ဇ) ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းဝယ်ယူရောင်းချသည့်မှတ်တမ်းများ ထားရှိရမည်၊

(ဈ) လိုင်စင်သက်တမ်း ကုန်ဆုံးပါက ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်းတိုးမြှင့်ရန် လျှောက်ထားရမည်။

## အခန်း ( ၈ )
## ပိုးသတ်ဆေးသုံးစွဲသူက လိုက်နာရမည့်စည်းကမ်းများ

၁၃။ ပိုးသတ်ဆေးသုံးစွဲသူသည် -

(က) ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း လိုက်နာ၍ သုံးစွဲရမည်၊

(ခ) အန္တရာယ်ကြီးမားသည့် ပိုးသတ်ဆေးသုံးစွဲလိုပါက သက်ဆိုင်ရာဦးစီးမှူး၏ခွင့်ပြုချက်ရယူပြီး လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူကို ငှားရမ်းသုံးစွဲရမည်၊

(ဂ) စိုက်ပျိုးရေးဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သော ပိုးသတ်ဆေးအန္တရာယ်ကင်းစွာ ကိုင်တွယ်နည်းများအတိုင်း လိုက်နာသုံးစွဲရမည်၊

(ဃ) ပိုးသတ်ဆေးများကို အစားအသောက်များနှင့် နီးကပ်စွာထားရှိခြင်း ၊ ကလေးသူငယ်များ အလွယ်တကူလက်လှမ်းမီသော နေရာတွင်ထားရှိခြင်း မပြုလုပ်ရ၊

(င) သုံးစွဲပြီးသော ပိုးသတ်ဆေးဘူးအခွံနှင့် ထုပ်ပိုးပစ္စည်းများကို စိုက်ပျိုးရေးဦးစီးဌာနက ညွှန်ကြား ထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(စ) စိုက်ခင်းများတွင်လည်းကောင်း ၊ ရိတ်သိမ်းပြီးသီးနှံများကို သိုလှောင်ရာတွင်လည်းကောင်း ပိုးသတ် ဆေးသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော ပညာ ပေးလမ်းညွှန်မှုများကိုလိုက်နာရမည်။

## အခန်း ( ၉ )
## စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၄။ စစ်ဆေးရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မိမိတာဝန်ယူရသည့် နယ်မြေအတွင်း၌ဖြစ်စေ ၊ သီးခြားတာဝန်ပေးအပ်သည့် နယ်မြေအတွင်း၌ ဖြစ်စေပိုးသတ်ဆေးရောင်းချသည့် လုပ်ငန်းများနှင့် ပိုးသတ်ဆေးကိုင်တွယ် သုံးစွဲမှုများကို စစ်ဆေးခြင်း ၊

(ခ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ် ဖောက်ဖျက်ကျူးလွန်သူကို လုပ်ထုံးလုပ်နည်းများ နှင့်အညီ အရေးယူခြင်း၊

(ဂ) ပုဒ်မခွဲ (ခ)အရ အရေးယူဆောင်ရွက်ရာတွင် သိမ်းဆည်းရမိသော ပိုးသတ်ဆေးများနှင့် သက်သေခံ ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲခြင်း ၊

(ဃ) ပိုးသတ်ဆေးဘူး ၊ အခွံ နှင့်ထုပ်ပိုးပစ္စည်းများ စနစ်တကျစွန့်ပစ်ရေးကို လုပ်ထုံးလုပ်နည်းများနှင့် အညီစီမံခန့်ခွဲခြင်း၊

(င) ကော်မတီက အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း။

၁၅။ စစ်ဆေးရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤ ဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်မှု ရှိ ၊မရှိ စစ်ဆေးခြင်း ၊

(ခ) ပိုးသတ်ဆေးများ ထုပ်ပိုးပုံ ၊ သိုလှောင်ပုံနှင့် ဖြန့်ဖြူးရောင်းချခြင်းတို့သည် လိုင်စင်တွင် ဖော်ပြပါ ရှိသောစည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိ ၊မရှိ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးခြင်း၊

(ဂ) သီးနှံများတွင် ပိုးသတ်ဆေး သုံးစွဲမှုသည် အညွှန်းစာပါ စည်းကမ်းချက်များနှင့် ကိုက်ညီမှု ရှိမရှိစစ်ဆေးခြင်း ၊

(ဃ) ပိုးသတ်ဆေးဝယ်ယူရောင်းချသည့် မှတ်တမ်းများ စစ်ဆေးခြင်း ၊

(င) စစ်ဆေးရန်အတွက် ပိုးသတ်ဆေးများကို နမူနာရယူခွင့်ရှိခြင်း ၊

(စ) ပိုးသတ်ဆေးနမူနာများကို စိုက်ပျိုးရေးဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းများအတိုင်း ပိုးသတ်ဆေးဓါတ်ခွဲခန်းသို့ ပေးပို့၍ အရည်အသွေးစစ်ဆေးစေခြင်း၊

(ဆ) လိုင်စင်မရှိဘဲ ပိုးသတ်ဆေးရောင်းချသည့်ကိစ္စကို စစ်ဆေးတွေ့ရှိပါက ကော်မတီထံ တင်ပြပြီး ဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း။

## အခန်း ( ၁၀ )
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့်အယူခံခြင်း

၁၆။ စီမံခန့်ခွဲရေး ပြစ်ဒဏ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သတိပေးခြင်း ၊

(ခ) ခွင့်ပြုထားသော ပိုးသတ်ဆေးရောင်းချခွင့်လိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း၊

(ဂ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်ပြီး ပိုးသတ်ဆေးရောင်းချခွင့်ကို ဆက်လက်ရောင်းချခွင့်ပြုခြင်း ၊

(ဃ) ပိုးသတ်ဆေးရောင်းချခွင့်လိုင်စင်ကို ရုပ်သိမ်းခြင်း။

၁၇။ ကော်မတီသည် ပုဒ်မ ၈နှင့် ပုဒ်မ၉ ၊ ပုဒ်မ၁၂ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်သော လိုင်စင်ရရှိသူအား ပုဒ်မ ၁၆ ပါ စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ရမည်။ ထိုသို့ချမှတ်ရာတွင် စီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေချမှတ်နိုင်သည်။

၁၈။ (က) ဤ ဥပဒေအရ ကော်မတီမှချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အစိုးရအဖွဲ့ထံ သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း အယူခံဝင်နိုင်သည်၊

(ခ) အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ အယူခံခြင်းနှင့် စပ်လျဉ်း၍ ကော်မတီက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း ၊ ပယ်ဖျက်ခြင်းပြုနိုင်သည်၊

(ဂ) အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၁)
## တားမြစ်ချက်များ

၁၉။ မည်သူမျှ လိုင်စင်မရှိဘဲ ပိုးသတ်ဆေးကို ရောင်းချခြင်းမပြုလုပ်ရ။

၂၀။ လိုင်စင်ရရှိသူသည် ပိုးသတ်ဆေး၊ အဆိပ်ရှိပစ္စည်းကိုရောင်းချရာတွင် အညွှန်းစာနှင့်ကုမ္ပဏီတံဆိပ်မပါဘဲ ရောင်းချခြင်း မပြုလုပ်ရ။

၂၁။ မည်သူမျှ ပိုးသတ်ဆေး၊ အဆိပ်ရှိပစ္စည်းကို ပိုးကျသည့်အန္တရာယ် ကာကွယ်နှိမ်နင်းသည့် ကိစ္စမှအပ လူအများစားသုံးသည့် အသီးအနှံ၊အစားအစာ သို့မဟုတ် အဖျော်ယမကာ စသည်များတွင် ထည့်သွင်း အသုံးပြုခြင်းမပြုလုပ်ရ။ထို့အပြင် ပိုးသတ်ဆေးကို အသုံးပြု၍ရေသတ္တဝါများ၊ ကုန်းသတ္တဝါများကို ဖမ်းယူခြင်း၊ သတ်ဖြတ်ခြင်း မပြုလုပ်ရ ။

၂၂။ မည်သူမျှ ကလေးသူငယ်၊ကိုယ်ဝန်ဆောင်မိန်းမ ၊ကလေးနို့တိုက်သောမိန်းမတို့ကို ပိုးသတ်ဆေးကိုင်တွယ်ရာတွင်လည်းကောင်း ၊ သုံးစွဲရာတွင်လည်းကောင်း စေခိုင်းခြင်းမပြုလုပ်ရ။

၂၃။ မည်သူမျှ ပိုးသတ်ဆေးကို အညွှန်းစာနှင့်ဆန့်ကျင်၍ သုံးစွဲခြင်းမပြုလုပ်ရ ။

၂၄။ မည်သူမျှ သီးနှံများကို သိုလှောင်ရာတွင် သက်ဆိုင်ရာဦးစီးမှူးက သတ်မှတ်ပေးသည့် ပိုးသတ်ဆေးနှင့်သုံးစွဲနည်းများမှအပ အခြားပိုးသတ်ဆေးနှင့် သုံးစွဲနည်းများကို သုံးစွဲခြင်း မပြုလုပ်ရ။

၂၅။ မည်သူမျှ ပိုးသတ်ဆေးကို အစားအစာများနှင့်အတူတကွ ရောင်းချခြင်းသော်လည်းကောင်း ၊ အတူတကွ သယ်ဆောင်ခြင်းသော်လည်းကောင်း မပြုလုပ်ရ။

## အခန်း ( ၁၂ )
## ပြစ်မှု နှင့် ပြစ်ဒဏ်များ

၂၆။ မည်သူမဆို ပုဒ်မ ၁၉၊ပုဒ်မ ၂၀၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၂ ပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၃၀၀၀၀၀- အထိဖြစ်စေ၊ ထောင်ဒဏ် (၂)နှစ်အထိဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည့်အပြင် ပြစ်မှုတွင်အကျုံးဝင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၃ ၊ ပုဒ်မ ၂၄ ၊ သို့မဟုတ် ပုဒ်မ ၂၅ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၂၀၀၀၀၀- အထိဖြစ်စေ ၊ ထောင်ဒဏ်(၆)လ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ထို့အပြင် ပြစ်မှုတွင် အကျုံးဝင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

## အခန်း ( ၁၃ )
## အထွေထွေ

၂၈။ ဤ ဥပဒေပြဋ္ဌာန်းသည့်နေ့တွင် ပိုးသတ်ဆေးလုပ်ငန်းတစ်ခုခုကိုလုပ်ကိုင်နေသူသည် ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ဤ ဥပဒေပြဋ္ဌာန်းသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း လိုအပ်သော လိုင်စင်ရယူရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၉။ ဝန်ကြီးဌာနသည် လိုင်စင်ခ နှင့် သက်တမ်းတိုးမြှင့်ခတို့ကို သတ်မှတ်ရမည်။

၃၀။ ကော်မတီသည် ဤ ဥပဒေအရ ရရှိရန်ရှိသော ဒဏ်ကြေးနှင့် အခကြေးငွေများကို ပေးဆောင်
ပျက်ကွက်သူထံမှ ထိုဒဏ်ကြေးနှင့် အခကြေးငွေများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ယူ
သက်ဆိုင်ရာ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနအား တာဝန်ပေးအပ်ရမည်။

၃၁။ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူသည် မိမိလက်ဝ
ရှိသော ပိုးသတ်ဆေးများနှင့်စပ်လျဉ်း၍ ကော်မတီကညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၃၂။ ဤ ဥပဒေအရ တရားစွဲဆိုသော ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်သော အမှုအဖြ
သတ်မှတ်သည်။

၃၃။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုနှင့်သက်ဆိုင်သည့်သက်သေခံပစ္စည်းကို တရားရုံးရှေ့သို့တင်ပို့
လွယ်ကူခြင်းမရှိပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့တင်ပို့ခြင်းမရှိဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြော
ကို အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ယင်း
တင်ပြခြင်းကို တရားရုံးရှေ့သို့သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေ
အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၃၄။ သက်ဆိုင်ရာတရားရုံးသည် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သောသက်သေခံပစ္စည်းများကို စီမံခန့်ခွဲ
မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ရမည်။

၃၅။ ဤ ဥပဒေအရ တရားစွဲဆိုသော ပြစ်မှုတွင် သက်သေခံပစ္စည်းဖြစ်သော ပိုးသတ်ဆေးနှင့်စပ်လျဉ်
စိုက်ပျိုးရေးဦးစီးဌာန၊ ပိုးသတ်ဆေးဓါတ်ခွဲခန်း၏ဓါတ်ခွဲစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာသည် ယင်းပြစ်မှုအတွ
အပြီးသတ် သက်သေခံချက်ဖြစ်စေရမည်။

၃၆။ ဤ ဥပဒေပါ ပြဋ္ဌာန်းချက်များကိုဆောင်ရွက်နိုင်ရန်-

(က) အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေများ ၊ စည်းမျဉ်းစည်းကမ်းများကိုထုတ်ပြန်နိုင်သ

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ညွှန်ကြားချက်
လုပ်ထုံးလုပ်နည်း တို့ကို ထုတ်ပြန်နိုင်သည်။

၃၇။ ဤဥပဒေအရ ဆောင်ရွက်ရန်ရှိသော အပင်နှင့်သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း
အား လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူ သို့မဟုတ် ပိုးသတ်ဆေးဥပဒေအရ ဖွဲ့စည်းထားသော ပိုးသတ်ဆေးမှ
တင်အဖွဲ့က အသိအမှတ်ပြုထားသည့် အဖွဲ့အစည်းတစ်ရပ်ရပ်က ဆောင်ရွက်ခွင့်ရှိသည်။

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)

သိန်းအောင်

ဝန်ကြီးချုပ်

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပထမအကြိမ်ရောဝတီတိုင်းဒေသကြီးလွှတ်တော်

# ရောဝတီတိုင်းဒေသကြီး
# ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာဥပဒေ

၂၀၁၄ခုနှစ်

# ရောဝတီတိုင်းဒေသကြီး ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာဥပဒေ

( ရောဝတီတိုင်းဒေသကြီး လွှတ်တော်ဥပဒေအမှတ်- ၇/၂၀၁၄)
၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် ရောဝတီတိုင်းဒေသကြီးအတွင်း ဝန်ဆောင်မှုလုပ်ငန်းများစနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ရောဝတီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ရောဝတီတိုင်းဒေသကြီး ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာဥပဒေ** ဟုခေါ်တွင် စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ ရောဝတီတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ရောဝတီတိုင်းဒေသကြီးအိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေး ဝန်ကြီးဌာနဝန်ကြီး ကို ဆိုသည်။

(င) **ကော်မတီ** ဆိုသည်မှာ ရောဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များဥပဒေ၊ အခန်း(၄)၊ပုဒ်မ ၅၊ ပုဒ်မ ၆ တို့အရ ဖွဲ့စည်းထားသော ကော်မတီကိုဆိုသည်။

(စ) **စည်ပင်သာယာရေးနယ်နိမိတ်** ဆိုသည်မှာ ရောဝတီတိုင်းဒေသကြီး စည်ပင်သာယာရေး မြို့၊မြို့နယ် နယ်နိမိတ်ကိုဆိုသည်။

(ဆ) **ညွှန်ကြားရေးမှူး**ဆိုသည်မှာ ရောဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးကို ဆိုသည်

(ဇ) **မြို့နယ်၊ မြို့ စည်ပင်သာယာရေးအမှုဆောင်အရာရှိ** ဆိုသည်မှာ မြို့နယ်၊မြို့ စည်ပင်သာယာရေးအဖွဲ့ရုံးအား တာဝန်ယူကြီးကြပ်ကွပ်ကဲရသောအရာရှိကို ဆိုသည်။

(ဈ) **ဝန်ဆောင်မှု** ဆိုသည်မှာ ကုန်စည်နှင့်စပ်လျဉ်း၍ ရောင်းဝယ်မှု၊ လက်ဝယ်ထားရှိမှု၊ သိုလှောင်မှု၊ သယ်ဆောင်မှု၊ ဖြန့်ဖြူးမှု၊ အသုံးပြုမှု၊ စားသုံးမှုတို့နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကိုသော်လည်းကောင်း၊ အကျိုးအမြတ်တစ်စုံတစ်ရာရရှိရေးအတွက် သတ်မှတ်သည့် ဝန်ဆောင်ခကိုရယူ၍ ဆောင်ရွက်သည့် လုပ်ငန်းများကိုသော်လည်းကောင်း ဆိုသည်။

(ည) **လုပ်ငန်း** ဆိုသည်မှာ အစားအသောက်၊အသင့်သုံးစွဲရန်ပစ္စည်း သို့မဟုတ် သုံးစွဲရန် အထောက်အကူပစ္စည်းကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊တည်ခင်းခြင်း၊ဖြန့်ဖြူးခြင်းကို ဆိုလိုသည်။ (ယင်းစကားရပ်တွင် စက်ရုံ၊ သိုလှောင်ရုံ၊ အလုပ်ရုံများအပြင် ဝန်ဆောင်မှု၊ အကျိုးဆောင်လုပ်ငန်းဆောင်ရွက်ခြင်းများလည်း ပါဝင်သည်။)

(ဋ) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့တော်သာယာလှပရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ထိခိုက်စေနိုင်သည့် သို့မဟုတ် အများပြည်သူက အသံဖြင့်လည်းကောင်း၊ အနံ့ဖြင့်လည်းကောင်း၊ အရောင်ဖြင့်လည်းကောင်း၊ အတွေ့အမြင်အရလည်းကောင်း စိတ်ပြိုငြင်မှုဖြစ်စေနိုင်သည့်လုပ်ငန်း၊ အများပြည်သူတို့၏ အသက်ကိုဖြစ်စေ၊ ကျန်းမာရေးကိုဖြစ်စေ၊ပစ္စည်းကိုဖြစ်စေ အန္တရာယ်ဖြစ်စေနိုင်သည့် သို့မဟုတ် အများပြည်သူတို့အား စိတ်ပြိုငြင်မှုဖြစ်စေနိုင်သည့် အရာဝတ္ထုများ၊ အစားအသောက်များကို သိုလှောင်ခြင်း၊ထုတ်လုပ်ခြင်း၊တည်ခင်းရောင်းချခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်အတွက် ကော်မတီက ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

(ဌ) **တည်းခိုခန်း** ဆိုသည်မှာ စီးပွားရေးအလို့ငှာ ပြည်တွင်းခရီးသွားများသာ တည်းခိုနေထိုင်ရန်အတွက် အခကြေးငွေဖြင့် လက်ခံစီစဉ်ပေးသည့် အဆောက်အအုံကိုဆိုသည်။

(ဍ) **ဘော်ဒါဆောင်** ဆိုသည်မှာ ကျောင်းသူ၊ ကျောင်းသား သို့မဟုတ် ရုံးသူ ရုံးသားများနှင့် အလုပ်သမားများနေသော ငှားရမ်းခသတ်မှတ်ချက်ဖြင့် ငှားရမ်းသည့်အဆောက်အအုံကို ဆိုသည်။

(ဎ) **အခန်းလိုက်ငှားသောအဆောက်အအုံ** ဆိုသည်မှာ အဆောက်အအုံတစ်ခုလုံးဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ အခန်းများဖွဲ့၍ ငှားရမ်းခသတ်မှတ်ချက်ဖြင့် ငှားရမ်းသည့် အဆောက်အအုံကို ဆိုသည်။

(ဏ) **ယာယီဇာတ်ရုံဆောက်လုပ်ခွင့်ပြုမိန့်** ဆိုသည်မှာ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ဘုရားပွဲ၊အားကစားပွဲ စသည့် ပွဲလမ်းသဘင်များတွင် အများပြည်သူများအား ဖျော်ဖြေနိုင်ရေးအတွက် ယာယီဇာတ်ရုံဆောက်လုပ်ရန် ကော်မတီကထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(တ) **ယာဉ်ဖြင့် လှည့်လည်ရောင်းချခွင့် လိုင်စင်** ဆိုသည်မှာ ယာဉ်တစ်မျိုးမျိုးကို အသုံးပြု၍ ထီလက်မှတ် သို့မဟုတ် ကုန်ပစ္စည်းများ လှည့်လည်ကြော်ငြာခြင်း၊ရောင်းချခြင်း စသည့် လုပ်ငန်းများလုပ်ကိုင်ရန် ကော်မတီက ထုတ်ပေးသည့်လိုင်စင်ကိုဆိုသည်။

(ထ) **လမ်းဘေးဈေးဆိုင်** ဆိုသည်မှာ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ကော်မတီက သတ်မှတ်ပေးသောနေရာများတွင် အချိန်အကန့်အသတ်ဖြင့် အခပေးဆောင်၍ခွင့်ပြုထားသည့် ကုန်ပစ္စည်းများကို ယာယီရောင်းချသော ဈေးဆိုင်ကိုဆိုသည်။

(ဒ) **အိမ်ဆိုင်** ဆိုသည်မှာ လူနေအိမ်တွင်ဖြစ်စေ၊ ဥပစာ၏ခြံစည်းရိုးကိုဖောက်၍ဖြစ်စေ၊ ကုန်ပစ္စည်းများ ရောင်းချသည့်ဆိုင်ကို ဆိုသည်။

(ဓ) **ပစ္စည်းစုံဆိုင်** ဆိုသည်မှာ ကွမ်းယာနှင့်အခြားလူသုံးကုန်ပစ္စည်းတစ်ခုခု သို့မဟုတ် လူသုံးပစ္စည်းများကို တွဲဖက်ရောင်းချသည့် ဆိုင် သို့မဟုတ် လုပ်ငန်းကိုဆိုသည်။

(န) **ကုန်ပဒေသာဆိုင်** ဆိုသည်မှာ ဧရိယာအကျယ်အဝန်း စတုရန်းပေ ၁၀၀၀ အောက်ရှိသော အဆောက်အအုံတွင် လူသုံးကုန်ပစ္စည်းများ ရောင်းချသည့်ဆိုင်ကို ဆိုသည်။

(ပ) **နံရံကပ်ဆိုင်** ဆိုသည်မှာ အဆောက်အအုံတစ်ခုခု၏နံရံနှင့်ကပ်လျက် ဧရိယာအကျယ်အဝန်းအနည်းဆုံး ၁၂ စတုရန်းပေရှိသည့်ဆိုင်ကို ဆိုသည်။

(ဖ) **လှေကားခွင်တွင် ရောင်းချမည့်ဆိုင်** ဆိုသည်မှာ အဆောက်အအုံတစ်ခုခုတွင် အများပြည်သူသုံးစွဲသည့် လှေကား၏အောက်၊ လှေကားအဝအနီးတစ်ဝိုက်တွင် ဖွင့်လှစ်ရောင်းချသောဆိုင် သို့မဟုတ် လုပ်ငန်းကိုဆိုသည်။

(ဗ) **လက်ပွေ့ရောင်းချသူ** ဆိုသည်မှာ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အထမ်းဖြင့်လည်းကောင်း၊လက်ပွေ့၍လည်းကောင်း၊ ခေါင်းရွက်၍လည်းကောင်း၊ ကုန်ပစ္စည်းတစ်မျိုးမျိုး သို့မဟုတ် ကုန်ပစ္စည်းများကိုလှည့်လည်ရောင်းချသူကိုဆိုသည်။

(ဘ) **ကိုယ်ပိုင်ဈေး** ဆိုသည်မှာ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က ဈေးအဖြစ်အသုံးပြုရန် ကော်မတီထံမှလိုင်စင်ရယူ၍ ဖွင့်လှစ်သော ဈေးကိုဆိုသည်။ (ယင်းစကားရပ်တွင် ကော်မတီက ဈေးအဆင့်သတ်မှတ်သည့် ကုန်ပဒေသာဆိုင်နှင့် ကုန်တိုက်များလည်းပါဝင်သည်။)

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တိုင်းဒေသကြီးအတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဝန်ဆောင်မှုလုပ်ငန်းများမှ သတ်မှတ်ကောက်ခံသည့် အခကြေးငွေများ အခွန်အခများနှင့် အခြားရငွေများအပြည့်အဝကောက်ခံရရှိစေရန်၊

(ခ) တိုင်းဒေသကြီး၏အကျိုးစီးပွားကို အထောက်အကူပြုသည့် ဝန်ဆောင်မှုများကို အကာအကွယ်ပေးရန်၊

(ဂ) တိုင်းဒေသကြီး၏အကျိုးစီးပွားကို ထိခိုက်စေနိုင်သော ဝန်ဆောင်မှုများကို ကန့်သတ်တားဆီးရန်။

## အခန်း(၃)
## လုပ်ငန်းတာဝန်များ

၄။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လုပ်ငန်းလိုင်စင်များ၊တည်းခိုခန်းလိုင်စင်၊ ဘော်ဒါဆောင် လိုင်စင်၊ကိုယ်ပိုင်ဈေးလိုင်စင်နှင့် ယာဉ်ဖြင့်လှည့်လည်ရောင်းချခွင့်လိုင်စင်များ စိစစ်ခွင့်ပြုခြင်း၊ပယ်ဖျက်ခြင်း၊ယာယီဇာတ်ရုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ယင်းတို့နှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ခ) လမ်းဘေးဈေးဆိုင်၊ လမ်းဘေးဈေးသည်များနှင့်ပတ်သက်၍ ကြီးကြပ်ခြင်း၊ စည်းကမ်းချက်များသတ်မှတ်ခြင်း၊ နေရာနှင့် အချိန်ကာလသတ်မှတ်ခြင်း၊

(ဂ) စည်ပင်သာယာရေးနယ်နိမိတ်အတွင်းလုပ်ငန်းလုပ်ကိုင်သည့်နေရာများ၊ ကိုယ်ပိုင်ဈေးများကို စစ်ဆေးခြင်း၊ကြီးကြပ်ခြင်း၊ လိုင်စင် သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်နေကြောင်းတွေ့ရှိပါက အရေးယူခြင်း၊

(ဃ) စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တည်းခိုခန်း၊ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခို ရိပ်သာများအား ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ကျန်းမာရေးဝန်ကြီးဌာနတို့နှင့် ညှိနှိုင်း၍စစ်ဆေးခြင်း၊ အရေးယူခြင်း၊

(င) ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခြင်း၊လုပ်ငန်းအမည်ပြောင်းခြင်း၊ လုပ်ငန်းတည်ရှိရာ နေရပ်လိပ်စာပြောင်းခြင်း၊ လုပ်ငန်းပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊လုပ်ငန်းအမျိုးအစားပြောင်းခြင်း၊ လုပ်ငန်းအချင်းချင်းပူးပေါင်းခြင်း၊ လုပ်ငန်းခွဲခြားခြင်းများနှင့်ပတ်သက်၍ စိစစ်ခွင့်ပြုခြင်း၊ စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(စ) ယာယီစီးပွားရေး စုပုံလုပ်ငန်းများအား ယာယီခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်းနှင့် စည်းကမ်းချက်များသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊

(ဆ) စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အများပြည်သူကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရန် အလွယ်တကူအသုံးပြုနိုင်ရန် သင့်လျော်သောနေရာများတွင် မြေပေါ်အိမ်သာ၊ မြေအောက် အိမ်သာ တည်ဆောက်ပေးခြင်း၊အများသုံးအိမ်သာလုပ်ငန်းလုပ်ကိုင်ခွင့်ပေးခြင်း၊

(ဇ) စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သင်္ဂြိုလ်ခြင်းကိစ္စအလို့ငှာ အလောင်းသယ်ခြင်း၊ အလောင်းယာယီထည့်သည့် အအေးတိုက်နှင့် အသုဘရှုအဆောင်စီမံခွင့်ပြုခြင်း၊ အသုဘယာဉ်လုပ်ငန်း သို့မဟုတ် ခေါင်းအမျိုးမျိုးပြုလုပ်ခြင်း သို့မဟုတ် ရောင်းချခြင်းလုပ်ငန်းများ ခွင့်ပြုခြင်း၊

(ဈ) စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ယာဉ်ရပ်နားစခန်းဖွင့်လှစ်ခြင်း၊ ယာဉ်ရောင်းဝယ်ရေး စခန်း ၊ယာဉ်မောင်းသင်ကွင်းတို့ကို သတ်မှတ်စည်းကမ်းနှင့်အညီ ခွင့်ပြုခြင်း၊

(ည) စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လမ်းများ၊ ဓါတ်အားပေးတိုင်များ၊ တယ်လီဖုန်း တိုင်များ၊ တံတားများအပေါ်တွင်ဖြစ်စေ၊ အစိုးရအဖွဲ့အစည်းဆိုင်ရာ မြေကွက်များ၊ ပုဂ္ဂလိကပိုင် မြေကွက်များ သို့မဟုတ် တိုက်နံရံများပေါ်တွင်ဖြစ်စေ၊ မြို့တွင်းပြေးဆွဲနေသော ယာဉ်များတွင်ဖြစ်စေ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း၊ တပ်ဆင်ခြင်း၊ကြော်ငြာခြင်း၊ ချိတ်ဆွဲခြင်း၊ ရေးသားခြင်းတို့အတွက် သတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုခြင်း၊

(ဋ) စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မော်တော်ယာဉ်လိုင်းများ၏ရုံး၊အဆောက်အအုံ မြေနေရာ များအားသတ်မှတ်စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုခြင်း၊

## အခန်း(၄)
## လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း၊ထုတ်ပေးခြင်း

၅။ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်လုပ်ကိုင် လိုသူသည် သက်ဆိုင်ရာလုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့လျှောက်ထားရမည်။

၆။ ကော်မတီသည်-

(က) ပုဒ်မ ၅ အရ လျှောက်ထားသည့် လျှောက်လွှာပါအချက်များ မှန်ကန်မှုရှိ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက ညွှန်ကြားရေးမှူးနှင့် သက်ဆိုင်ရာမြို့နယ်၊ မြို့ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိထံ သဘောထားမှတ်ချက်တောင်းခံနိုင်သည်။

(ဂ) လျှောက်ထားချက်အရ လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ(ဂ)အရ လုပ်ငန်းလိုင်စင်ထုတ်ပေးရန်ငြင်းပယ်ခြင်းကို လျှောက်ထားသူထံရက်ပေါင်း ၉၀ အတွင်း စာဖြင့်အကြောင်းကြားရမည်။

(င) လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုလျှင်သတ်မှတ်သည့်လိုင်စင်ခကို ပေးသွင်းစေပြီး သတ်မှတ်ထားသည့်လုပ်ငန်းလိုင်စင်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၇။ လုပ်ငန်းလုပ်ကိုင်သူ လုပ်ငန်းလိုင်စင်သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ရန် သက်တမ်းမကုန်မီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက် များနှင့်အညီ ကော်မတီသို့လျှောက်ထားရမည်။

၈။ ကော်မတီသည်-

(က) လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာပါအချက်များ မှန်ကန်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါကညွှန်ကြားရေးမှူးနှင့်သက်ဆိုင်ရာမြို့နယ်၊ မြို့စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိထံ သဘောထားမှတ်ချက် တောင်းခံနိုင်သည်။

(ဂ) လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်းသို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ(ဂ)အရ လုပ်ငန်းလိုင်စင်ထုတ်ပေးရန်ငြင်းပယ်ခြင်းကို လျှောက်ထားသူထံရက်ပေါင်း ၉၀ အတွင်း စာဖြင့်အကြောင်းကြားရမည်။

(င) ပုဒ်မခွဲ(ဂ)အရ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုလျှင်သတ်မှတ်သည့် ရက်အတွင်းလျှောက်ထားပါက သတ်မှတ်သည့် သက်တမ်းတိုးမြှင့်ခကိုလည်းကောင်း၊ သတ်မှတ်သည့်ရက်အတွင်း လျှောက်ထားခြင်းမပြုပါက သတ်မှတ်သည့် သက်တမ်းတိုးမြှင့်ခ နှင့် ဒဏ်ကြေးတို့ကိုလည်းကောင်း ပေးသွင်းစေပြီး လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေး ရမည်။

၉။ ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူသည် လုပ်ငန်းလိုင်စင်ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် လုပ်ငန်းလိုင်စင်မိတ္တူမှန်ရရှိရန် ခိုင်လုံသောအထောက်အထားများ ပူးတွဲ၍ကော်မတီသို့လျှောက်ထားရမည်။

၁၀။ ကော်မတီသည်-

(က) ပုဒ်မ ၉ အရ လျှောက်ထားသည့် လျှောက်လွှာကိုစိစစ်၍ လုပ်ငန်းလိုင်စင်မိတ္တူထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ လုပ်ငန်းလိုင်စင် မိတ္တူထုတ်ပေးရန်ခွင့်ပြုပါက သတ်မှတ်သည့်အခကြေး ငွေကို ပေးသွင်းစေပြီး လုပ်ငန်းလိုင်စင်မိတ္တူကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၁။ ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူသည် လုပ်ငန်းနှင့်စပ်လျဉ်း၍ အမည်ပြောင်းခြင်း၊တည်ရှိရာ နေရပ်လိပ်စာပြောင်းခြင်း၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊ အမျိုးအစားပြောင်းခြင်း သို့မဟုတ် အချင်းချင်းပူးပေါင်းခြင်း၊ ခွဲခြားခြင်း၊ဆောင်ရွက်လိုပါက လုပ်ငန်းလိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့လျှောက်ထားရမည်။

၁၂။ ကော်မတီသည်-

(က) ပုဒ်မ ၁၁ အရ လျှောက်ထားသည့် လျှောက်လွှာပါအချက်များ မှန်ကန်မှုရှိ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက လျှောက်လွှာပါအချက်များနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနိုင်သည်။

(ဂ) လျှောက်ထားချက်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၃။ ကော်မတီသည် ထုတ်ပေးထားသည့် လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုလုပ်ငန်းလုပ်ကိုင်သူက ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိရလျှင် အောက်ပါစီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ခ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ပိတ်သိမ်းခြင်း၊

(ဂ) လိုင်စင်ကို ပယ်ဖျက်ခြင်း၊

၁၄။ (က) ပုဒ်မ ၁၃၊ပုဒ်မခွဲ(က)အရ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ပိတ်သိမ်းခြင်းခံရသူသည် သတ်မှတ်ကာလကုန်ဆုံးသည့်အခါ လိုင်စင်ပြန်လည်ရရှိရန် ကော်မတီသို့ လျှောက်ထားနိုင်သည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်၍လိုင်စင်ကို ပြန်လည်ထုတ်ပေးနိုင်သည်။

## အခန်း(၅)
## ယာယီဇာတ်ရုံဆောက်လုပ်ခွင့်ပြုခြင်း

၁၅။ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ယာယီဇာတ်ရုံဆောက်လုပ်လိုသူသည် ယာယီဇာတ်ရုံဆောက်လုပ်ခွင့်ရရှိရန် ကော်မတီသို့ လျှောက်ထားရမည်။

၁၆။ ကော်မတီသည်-

(က) ပုဒ်မ ၁၅ အရ လျှောက်ထားသည့် လျှောက်လွှာပါအချက်များ မှန်ကန်မှုရှိ မရှိစိစစ်ရမည်။

(ခ) လိုအပ်ပါက ညွှန်ကြားရေးမှူးနှင့် သက်ဆိုင်ရာမြို့နယ်၊ မြို့ စည်ပင်သာယာရေးအဖွဲ့ဆောင် အရာရှိတို့ထံ သဘောထားမှတ်ချက်တောင်းခံနိုင်သည်။

(ဂ) လျှောက်ထားချက်အပေါ် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ(ဂ)အရ ယာယီဇာတ်ရုံဆောက်လုပ်ခွင့်ပြုလျှက် သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး စည်းကမ်းချက်များသတ်မှတ်၍ ကာလအကန့်အသတ်ဖြင့် ယာယီဇာတ်ရုံဆောက်လုပ်ရန် ခွင့်ပြုမိန့်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

## အခန်း(၆)
## ယာဉ်ဖြင့် လှည့်လည်ရောင်းချခွင့်လိုင်စင်လျှောက်ထားခြင်း၊ထုတ်ပေးခြင်း

၁၇။ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ယာဉ်ဖြင့် လှည့်လည်ရောင်းချခွင့်လိုင်စင်ရရှိလိုသူသည် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၁၈။ ကော်မတီသည်-

(က) ပုဒ်မ ၁၇ အရ လျှောက်ထားသည့်လျှောက်လွှာပါအချက်များ မှန်ကန်မှုရှိ မရှိ စိစစ်ရမည်။

(ခ) လျှောက်ထားချက်အပေါ် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ) အရ လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းကို လျှောက်ထားသူထံ ရက်ပေါင်း ၉၀ အတွင်းစာဖြင့် အကြောင်းကြားရမည်။

## အခန်း(၇)
## လမ်းဘေးဈေးဆိုင်နှင့်အိမ်ဆိုင်များကို ကြီးကြပ်ခြင်း

၁၉။ ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေ့လမ်းဘေးဈေးဆိုင်နှင့် ညလမ်းဘေးဈေး များကို ဖွင့်လှစ်ရမည့်နေရာ၊ ရောင်းချမည့်ကုန်ပစ္စည်း၊ ဖွင့်လှစ်ရမည့်အချိန်နှင့် ပိတ်သိမ်းရမည့် အချိန်၊ ပေးဆေ ရမည့် အခွန်အခတို့ကို သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

၂၀။ ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အိမ်ဆိုင်၊ပစ္စည်းစုံဆိုင်၊ ကုန်ပဒေသာဆိုင် ကုန်တိုက်များ ဖွင့်လှစ်ရောင်းချခြင်းကို သတ်မှတ်သည့် အခွန်အခပေးသွင်းစေပြီး စည်းကမ်းချက်များ၊သတ် ၍ ခွင့်ပြုနိုင်သည်။

၂၁။ ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လမ်းဘေးဈေးဆိုင် သို့မဟုတ် အိမ်ဆို ဖွင့်လှစ် ခွင့်ပြုရာတွင် အနီးကပ်ဆုံးအိမ်နှင့် မျက်နှာမူလျက်ရှိသော အိမ်တွင်နေထိုင်အသုံးပြုသူက ကန့်ကွက် ကန့်သတ်ချက်များကို ထည့်သွင်းစဉ်းစားပြီးမှသာ ဖွင့်လှစ်ခွင့်ပြုရန် သင့်၊ မသင့် အဆုံးအဖြတ်ပြုရမည်။

၂၂။ လမ်းဘေးဈေးဆိုင်ရောင်းချသူသည် ကော်မတီက သတ်မှတ်သည့်နေရာတွင် သတ်မှတ်သည့်အ အတွင်း သတ်မှတ်ထားသည့် ကုန်ပစ္စည်းကိုသာရောင်းချရမည်။

၂၃။ ကော်မတီသည် လမ်းဘေးဈေးဆိုင်၊ အိမ်ဆိုင်၊ပစ္စည်းစုံဆိုင်၊ကုန်ပဒေသာဆိုင်နှင့် ကုန်တိုက်များ ဖွင့် ရောင်းချခြင်းကို ကြီးကြပ်နိုင်ရန် ကော်မတီ၏စည်ပင်သာယာဝန်ထမ်းတစ်ဦးဦးကိုသော်လည်းကောင်း၊ အဖွဲ့ သော်လည်းကောင်း တာဝန်ပေးအပ်နိုင်သည်။

၂၄။ ကော်မတီသည် စည်ပင်သာယာနယ်နိမိတ်အတွင်း အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို အခွန် ကောက်ခံပြီး စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးနိုင်သည်-

- (က) ကော်မတီက သတ်မှတ်ထားသော အတိုင်းအတာပြည့်မီသည့် နံရံကပ်ဆိုင်ဖွင့်လှစ် ချခြင်း၊
- (ခ) လှေကားခွင်တွင် ရောင်းချခြင်း၊
- (ဂ) လက်ပွေ့ရောင်းချခြင်း။

၂၅။ ကော်မတီသည် ပုဒ်မ ၂၄ အရ ကော်မတီ၏ခွင့်ပြုချက်ဖြင့် ရောင်းချသူက သတ်မှတ်ထား စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် အောက်ပါစီမံခန့်ခွဲရေးပြစ်ဒဏ် တစ်ရပ် ချမှတ်နိုင်သည်-

- (က) ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊
- (ခ) ကာလအကန့်အသတ်ဖြင့် ပိတ်သိမ်းခြင်း၊
- (ဂ) ခွင့်ပြုချက်ကို ပြန်လည် ရုပ်သိမ်းခြင်း။

၂၆။ ကော်မတီသည် ပုဒ်မ ၂၅၊ ပုဒ်မခွဲ(က)အရ ဒဏ်ကြေးငွေတပ်ရိုက်နိုင်ရန်အလို့ငှာ ရောင်းချ လုပ်ငန်းအမျိုးအစားအလိုက် စည်းကမ်းချက်များ သတ်မှတ်ခြင်း သို့မဟုတ် ပြင်ဆင်သတ်မှတ် ခြင်းပြုနိုင်

၂၇။ (က) ပုဒ်မ ၂၅၊ပုဒ်မခွဲ(ဂ)အရ ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်းခံရသူသည် ခွင့်ပြုချက်ကို ပြန်လည်ရရှိရန် ကော်မတီသို့ လျှောက်ထားနိုင်သည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ(က)အရ လျှောက်ထားသူက သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ထပ်မံ၍ ဖောက်ဖျက်ခြင်းမပြုပါဟု ဝန်ခံကတိပြုလျှင် ခွင့်ပြုချက်ကို ပြန်လည်ထုတ်ပေးနိုင်သည်။

၂၈။ ကော်မတီသည် လမ်းဘေးဈေးဆိုင်၊အိမ်ဆိုင်၊ပစ္စည်းစုံဆိုင်၊ ကုန်ပဒေသာဆိုင်နှင့် ကုန်တိုက်များတွင် ခင်းကျင်းရောင်းချခြင်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့်ညီညွတ်မှုရှိ၊ မရှိစစ်ဆေးရန် သက်ဆိုင်ရာ အစားအသောက်နှင့်ဆေးဝါးများကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့်ညှိနှိုင်း ဆောင်ရွက်ရမည်။

## အခန်း(၈)
## ကိုယ်ပိုင်ဈေးလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၂၉။ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကိုယ်ပိုင်ဈေး ဖွင့်လှစ်ဆောင်ရွက်လုပ်ကိုင်လိုလျှင် ကိုယ်ပိုင်ဈေးဖွင့်လှစ်ခွင့် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၃၀။ ကော်မတီသည်-

(က) ပုဒ်မ ၂၉ အရ လျှောက်ထားသည့် လျှောက်လွှာပါအချက်များ မှန်ကန်မှုရှိ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက ညွှန်ကြားရေးမှူးနှင့် သက်ဆိုင်ရာမြို့နယ်၊ မြို့ စည်ပင်သာယာရေးအမှုဆောင်အရာရှိတို့ထံ သဘောထားမှတ်ချက်တောင်းခံနိုင်သည်။

(ဂ) လျှောက်ထားချက်အပေါ် လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ(ဂ)အရ လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းကို လျှောက်ထားသူထံ ရက်ပေါင်း ၉၀ အတွင်းစာဖြင့်အကြောင်းကြားရမည်။

(င) လိုင်စင်ထုတ်ပေးရန် ခွင့်ပြုလျှင်သတ်မှတ်သည့် လိုင်စင်ခကို ပေးသွင်းစေပြီးလိုင်စင်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၃၁။ ကော်မတီသည် ကိုယ်ပိုင်ဈေး၏အကျယ်အဝန်း၊အဆောက်အအုံအမျိုးအစား ရောင်းဝယ်ဖောက်ကားမှု အခြေအနေတို့ကို ထောက်ရှု၍ ကိုယ်ပိုင်ဈေးများကို အဆင့်ခွဲခြားသတ်မှတ်နိုင်သည်။

၃၂။ ကိုယ်ပိုင်ဈေးပိုင်ရှင်သည်-

(က) ကိုယ်ပိုင်ဈေးအဆောက်အအုံ ခိုင်ခံ့ရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးကို တာဝန်ယူရမည်။

(ခ) ကိုယ်ပိုင်ဈေးသန့်ရှင်းရေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေး၊ အထွေထွေစီမံခန့်ခွဲရေးတို့အတွက် ကော်မတီက သတ်မှတ်သည့်အတိုင်း တာဝန်ယူဆောင်ရွက်ရမည်။

(ဂ) ကိုယ်ပိုင်ဈေးဝန်းကျင်တွင် လိုအပ်ပါက ယာဉ်ရပ်နားရန် နေရာများစီမံထားရှိရမည်။

၃၃။ ကိုယ်ပိုင်ဈေးပိုင်ရှင်သည် လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းတိုးမြှင့်ရန် သက်တမ်းမကုန်မီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၃၄။ ကော်မတီသည်-

(က) ကိုယ်ပိုင်ဈေးလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာပါအချက်များမှန်ကန်ခြင်းရှိ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါကညွှန်ကြားရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်၊ မြို့စည်ပင် သာယာရေးအဖွဲ့ဆောင် အရာရှိတို့ထံ သဘောထားမှတ်ချက်တောင်းခံနိုင်သည်။

(ဂ) လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ(ဂ)အရ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းကိုလျှောက်ထားသူထံ ရက်ပေါင်း ၉၀ အတွင်းစာဖြင့် အကြောင်းကြားရမည်။

(င) ပုဒ်မခွဲ(ဂ)အရ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုလျှင် သတ်မှတ်သည့်ရက်အတွင်း လျှောက်ထားပါက သတ်မှတ်သည့် သက်တမ်းတိုးမြှင့်ခကိုလည်းကောင်း၊ သတ်မှတ် သည့်ရက်အတွင်း လျှောက်ထားခြင်းမပြုပါက သတ်မှတ်သည့်သက်တမ်းတိုးမြှင့်ခနှင့် ဒဏ်ကြေး တို့ကိုလည်းကောင်း၊ပေးသွင်းစေပြီး လိုင်စင် သက်တမ်းတိုးမြှင့်ပေးရမည်။

၃၅။ ကိုယ်ပိုင်ဈေးပိုင်ရှင်သည် ကိုယ်ပိုင်ဈေးလိုင်စင်ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် လုပ်ငန်း လိုင်စင်မိတ္တူရရှိရန် ခိုင်လုံသောအထောက်အထားများပူးတွဲ၍ ကော်မတီသို့ လျှောက်ထားရမည်။

၃၆။ ကော်မတီသည်-

(က) ပုဒ်မ ၃၅ အရလျှောက်ထားသည့်လျှောက်လွှာကို စိစစ်၍ကိုယ်ပိုင်ဈေးလိုင်စင်မိတ္တူထုတ်ပေး ရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ လိုင်စင်မိတ္တူထုတ်ပေးရန်ခွင့်ပြုပါက သတ်မှတ်သည့် အခကြေးငွေကိုပေး သွင်းစေပြီး ကိုယ်ပိုင်ဈေးလိုင်စင်မိတ္တူကိုလျှောက်ထားသူအားထုတ်ပေးရမည်။

၃၇။ ကိုယ်ပိုင်ဈေးပိုင်ရှင်သည် ကိုယ်ပိုင်ဈေးနှင့်စပ်လျဉ်း၍ အမည်ပြောင်းခြင်း၊တည်ရှိရာနေရပ်လိပ်စာ ပြောင်းခြင်း၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊ အမျိုးအစားပြောင်းခြင်း ၊အချင်းချင်းပူးပေါင်းခြင်း၊ ခွဲခြားခြင်း ဆောင်ရွက်လိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၃၈။ ကော်မတီသည်-

(က) ပုဒ်မ ၃၇ အရ လျှောက်ထားသည့် လျှောက်လွှာပါအချက်များ မှန်ကန်မှုရှိ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက လျှောက်လွှာပါအချက်များနှင့် စပ်လျဉ်း၍စုံစမ်းစစ်ဆေးနိုင်သည်။

(ဂ) လျှောက်ထားချက်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၉။ ကော်မတီသည် သတ်မှတ်ထားသော ဈေးများဆိုင်ရာစည်းကမ်းချက်တစ်ရပ်ရပ်ကို ကိုယ်ပိုင်ဈေးပိုင် ရှင်က ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိလျှင် အောက်ပါစီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင် သည်-

(က) ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ခ) ကိုယ်ပိုင်ဈေးလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ပိတ်သိမ်းခြင်း၊

(ဂ) ကိုယ်ပိုင်ဈေးလိုင်စင်ကို ရုပ်သိမ်းခြင်း။

၄၀။ ကော်မတီသည် ပုဒ်မ ၃၉၊ ပုဒ်မခွဲ(က)အရ ဒဏ်ကြေးငွေတပ်ရိုက်နိုင်ရန်အလို့ငှာ ကိုယ်ပိုင်ဈေးအဆင့် အလိုက် တပ်ရိုက်မည့်ဒဏ်ကြေးငွေကို ကြိုတင်သတ်မှတ်ခြင်း၊ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

၄၁။ ကော်မတီသည် ပုဒ်မ၃၉၊ပုဒ်မခွဲ(က)အရ တစ်နှစ်အတွင်း ဒဏ်ကြေးငွေအနည်းဆုံး သုံးကြိမ်တပ်ရိုက် ခြင်းခံရသော ကိုယ်ပိုင်ဈေးပိုင်ရှင်၏ကိုယ်ပိုင်ဈေးလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ပိတ်သိမ်းနိုင်သည်။

၄၂။ ကိုယ်ပိုင်ဈေးပိုင်ရှင်သည် ပုဒ်မ ၃၉၊ ပုဒ်မခွဲ(ခ)အရ ကိုယ်ပိုင်ဈေးလိုင်စင်ကာလအကန့်အသတ်ဖြင့် ပိတ်သိမ်းခြင်းခံရသည့် သတ်မှတ်ကာလကုန်ဆုံးသည့်အခါ ကိုယ်ပိုင်ဈေးလိုင်စင်ပြန်လည်ရရှိရန် ကော်မတီသို့ လျှောက်ထားနိုင်သည်။

၄၃။ ကော်မတီသည် ပုဒ်မ ၄၂အရ လျှောက်ထားလာလျှင် ကိုယ်ပိုင်ဈေးပိုင်ရှင်က ဈေးများဆိုင်ရာ စည်းကမ်း ချက်များကိုထပ်မံ၍ဖောက်ဖျက်ခြင်းမပြုပါဟူ၍ ဝန်ခံကတိပြုပြီး ပိတ်သိမ်းခြင်းခံရသည့် ကာလအတွက် ကော်မတီက သတ်မှတ်သည့် အခကြေးငွေများကို အကျေပေးသွင်းပြီးပါက ကိုယ်ပိုင်ဈေးလိုင်စင်ကို ပြန်လည်ထုတ်ပေးနိုင်သည်။

၄၄။ ကော်မတီသည် ပုဒ်မ ၄၃ အရ ကိုယ်ပိုင်ဈေးပိုင်ရှင်က လိုင်စင်ပြန်လည်ရရှိပြီးနောက် သတ်မှတ်ထား သည့် ဈေးများဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို ထပ်မံဖောက်ဖျက်ကျူးလွန်လျှင် ကိုယ်ပိုင်ဈေးလိုင်စင်ကို ရုပ်သိမ်းနိုင်သည်။

၄၅။ ကော်မတီသည် ကိုယ်ပိုင်ဈေးအသီးသီးရှိ ဆိုင်ခန်းများတွင် ခင်းကျင်းရောင်းချခြင်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်ညီညွတ်မှုရှိ၊ မရှိ စစ်ဆေးရန် သက်ဆိုင်ရာ အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲ ကော်မတီနှင့်ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း(၉)

## တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသောအဆောက်အအုံ လိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄၆။ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသောအဆောက်အအုံ ဖွင့်လှစ်ဆောင်ရွက် လုပ်ကိုင်လိုလျှင် တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံဖွင့် ခွင့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့လျှောက်ထားရမည်။

၄၇။ ကော်မတီသည်-

(က) ပုဒ်မ ၄၆ အရ လျှောက်ထားသည့် လျှောက်လွှာပါအချက်များ မှန်ကန်ခြင်းရှိ၊ မရှိ စိ ရမည်။

(ခ) တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ၏ သန့်ရှင်းရေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေး၊ အထွေထွေစီမံခန့်ခွဲရေးတို့အတွက် သတ်မှတ်သည့်အတိုင်း ဆောင်ရွက်ခြင်းရှိ မရှိစိစစ်ရမည်။

(ဂ) တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ၏ ဝန်းကျင်တွင် လိုအပ်ပါက ယာဉ်ရပ်နားရန် နေရာများ စီမံထားခြင်းရှိ မရှိ စိစစ်ရမည်။

၄၈။ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံပိုင်ရှင်သည် လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းတိုးမြှင့်ရန် သက်တမ်းမကုန်မီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်ကော်မတီသို့ လျှောက်ထားရမည်။

၄၉။ ကော်မတီသည်-

(က) တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာပါအချက်များ မှန်ကန်ခြင်းရှိ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက ညွှန်ကြားရေးမှူးနှင့် သက်ဆိုင်ရာမြို့နယ်၊ မြို့စည်ပင်သာယာရေးအမှုဆောင်အရာရှိထံ သဘောထားမှတ်ချက်တောင်းခံနိုင်သည်။

(ဂ) လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ(ဂ)အရ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းကိုလျှောက်ထားသူထံ ရက်ပေါင်း ၉၀ အတွင်း စာဖြင့်အကြောင်းကြားရမည်။

(င) ပုဒ်မခွဲ(ဂ) အရ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုထားသည့် သတ်မှတ်ရက်အတွင်း လျှောက်ထားပါက သတ်မှတ်သည့် သက်တမ်းတိုးမြှင့်ခကိုလည်းကောင်း၊ သတ်မှတ်သည့်ရက်အတွင်း လျှောက်ထားခြင်းမပြုပါက သတ်မှတ်သည့်သက်တမ်းတိုးမြှင့်ခ နှင့်ဒဏ်ကြေးတို့ကိုလည်းကောင်း ပေးသွင်းစေပြီး လိုင်စင်သက်တမ်းတိုးမြှင့်ပေးရမည်။

၅၀။ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံပိုင်ရှင်သည် တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင် ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် လိုင်စင်မိတ္တူရရှိရန် ခိုင်လုံသောအထောက်အထားများ ပူးတွဲ၍ ကော်မတီသို့လျှောက်ထားရမည်။

၅၁။ ကော်မတီသည်-

(က) ပုဒ်မ ၅၀ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်၍တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင်မိတ္တူထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ လိုင်စင်မိတ္တူထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင်မိတ္တူကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၅၂။ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံပိုင်ရှင်သည် တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံနှင့်စပ်လျဉ်း၍ အမည်ပြောင်းခြင်း၊ တည်ရှိရာ နေရပ်လိပ်စာပြောင်းခြင်း၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊အမျိုးအစားပြောင်းခြင်း ၊ အချင်းချင်းပူးပေါင်းခြင်း၊ခွဲခြားခြင်း၊ဆောင်ရွက်လိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၅၃။ ကော်မတီသည်-

(က) ပုဒ်မ ၅၂ အရ လျှောက်ထားသည့် လျှောက်လွှာပါအချက်များမှန်ကန်မှုရှိ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက လျှောက်လွှာပါအချက်များနှင့် စပ်လျဉ်း၍စုံစမ်းစစ်ဆေးနိုင်သည်။

(ဂ) လျှောက်ထားချက်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၅၄။ ကော်မတီသည် သတ်မှတ်ထားသောတည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံပိုင်ရှင်က ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိလျှင် အောက်ပါစီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ကိုချမှတ်နိုင်သည်-

(က) ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ခ) တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ပိတ်သိမ်းခြင်း၊

(ဂ) တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင်ကိုရုပ်သိမ်းခြင်း။

၅၅။ ကော်မတီသည် ပုဒ်မ ၅၄၊ပုဒ်မခွဲ(က)အရ ဒဏ်ကြေးငွေတပ်ရိုက်နိုင်ရန်အလို့ငှာ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံအဆင့်အလိုက် တပ်ရိုက်မည့် ဒဏ်ကြေးငွေကို ကြိုတင်သတ်မှတ်ခြင်း၊ အခါအားလျော်စွာပြင်ဆင်သတ်မှတ် ခြင်းပြုနိုင်သည်။

၅၆။ ကော်မတီသည် ပုဒ်မ ၅၄၊ ပုဒ်မခွဲ(က)အရ တစ်နှစ်အတွင်း ဒဏ်ကြေးငွေအနည်းဆုံး သုံးကြိမ်တပ်ရိုက်ခြင်းခံရသော တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသောအဆောက်အအုံ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ပိတ်သိမ်းနိုင်သည်။

၅၇။ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ်အခန်းလိုက်ငှားသော အဆောက်အအုံပိုင်ရှင်သည် ပုဒ်မ ၅၄၊ပုဒ်မခွဲ(ခ)အရ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင်ကာလအကန့်အသတ်ဖြင့် ပိတ်သိမ်းခြင်းခံရသည့် သတ်မှတ်ကာလကုန်ဆုံးသည့်အခါ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုင်ငှားသော အဆောက်အအုံလိုင်စင်ပြန်လည်ရရှိရန် ကော်မတီသို့ လျှောက်ထားနိုင်သည်။

၅၈။ ကော်မတီသည် ပုဒ်မ ၅၇ အရ လျှောက်ထားလာလျှင် တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံပိုင်ရှင်က တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက် ငှားသော အဆောက်အအုံလိုင်စင်ပါစည်းကမ်းချက်များကို ထပ်မံ၍ ဖောက်ဖျက်ခြင်းမပြုပါဟူ၍

ဝန်ခံကတိပြုပြီး ပိတ်သိမ်းခြင်းခံရသည့်ကာလအတွက် ကော်မတီက သတ်မှတ်သည့်အခကြေးငွေမျ
အကျေပေးသွင်းပြီးပါက တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အ
လိုင်စင်ကို ပြန်လည်ထုတ်ပေးနိုင်သည်။

၅၉။ ကော်မတီသည် ပုဒ်မ ၅၈ အရတည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်
သော အဆောက်အအုံပိုင်ရှင်က လိုင်စင်ပြန်လည်ရရှိပြီးနောက် သတ်မှတ်ထားသည့်တည်းခိုခန်း သို့မ
ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရ
ထပ်မံဖောက်ဖျက်ကျူးလွန်လျှင် တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှား
အဆောက်အအုံလိုင်စင်ကို ရုပ်သိမ်းနိုင်သည်။

၆၀။ ကော်မတီသည် တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှား
အဆောက်အအုံအသီးသီးရှိ အခန်းဥပစာများတွင် အစားအသောက်နှင့်အခြားပစ္စည်းတစ်ရပ်ရပ်ကို ခင်း
ရောင်းချခြင်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်ညီညွတ်မှု ရှိ မရှိ စစ်ဆေးရန် သက်ဆိုင်ရာအစားအသောက်နှင့် ဆေ
ကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း(၁၀)
## တားမြစ်ချက်များ

၆၁။ မည်သူမျှ ကော်မတီက ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်မရှိဘဲ စည်ပင်သာယာ
နယ်နိမိတ်အတွင်း ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟ
အခန်းလိုက်ငှားသော အဆောက်အအုံလုပ်ငန်းကိုဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၆၂။ မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ယာယီဇာတ်ရုံဆော
လုပ်ခြင်းမပြုရ။

၆၃။ မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အိမ်ဆိုင်၊ ပစ္စည်းစုံ
ကုန်ပဒေသာဆိုင် သို့မဟုတ် ကုန်တိုက်များ ဖွင့်လှစ်ရောင်းချခြင်းမပြုရ။

၆၄။ မည်သူမျှ ကော်မတီက ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်မရှိဘဲ စည်ပင်သာယာရေးနယ်နိမိ
အတွင်း ကိုယ်ပိုင်ဈေးဖွင့်လှစ်ရောင်းချခြင်းမပြုရ။

၆၅။ မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရဘဲ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း-

(က) လမ်းဘေးဈေးဆိုင်ဖွင့်လှစ်ရောင်းချခြင်းမပြုရ။

(ခ) ကော်မတီက ကန့်သတ်ထားသည့် နေရာနှင့်အချိန်ကို့တွင် လမ်းဘေးဈေးဆိုင်ဖွင့်
ရောင်းချခြင်းမပြုရ။

(ဂ) နံရံကပ်ဆိုင် ဖွင့်လှစ်ဆောင်ရွက်ခြင်းမပြုရ။

(ဃ) လှေကားခွင်တွင်း ရောင်းချခြင်းမပြုရ။

(င) လက်ပွေ့ရောင်းချခြင်းမပြုရ။

၆၆။ မည်သူမျှ ယာဉ်ဖြင့်လှည့်လည်ရောင်းချခွင့်လိုင်စင်မရှိဘဲ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ယာဉ်တစ်မျိုးမျိုးကို အသုံးပြု၍ ထီလက်မှတ် သို့မဟုတ် ကုန်ပစ္စည်းများကို လှည့်လည်ကြော်ငြာခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

၆၇။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ခွင့်ပြုချက်မရှိဘဲ အညစ်အကြေးစွန့်ထုတ်လုပ်မှု လုပ်ငန်းစနစ်များနှင့်အညစ်အကြေးသန့်စင်မှု လုပ်ငန်းစနစ်များကို လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၆၈။ မည်သူမျှ-

(က) သုသာန်မှအပ အခြားနေရာတစ်ခုခုတွင် အလောင်းကိုသင်္ဂြိုလ်ခြင်းမပြုရ။

(ခ) လုပ်ငန်းလိုင်စင်မရှိဘဲ စီးပွားရေးအလို့ငှာ အသုဘယာဉ်လုပ်ငန်း သို့မဟုတ် ခေါင်းတစ်မျိုးမျိုး ပြုလုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

(ဂ) မိမိပိုင်အဆောက်အအုံကို အဒေးတိုက်၊အသုဘရှုအဆောင် သို့မဟုတ် မီးသင်္ဂြိုလ်စက် အဖြစ် တည်ဆောက်ခြင်း၊ အသုံးပြုခြင်း သို့မဟုတ် လုပ်ကိုင်ခြင်းမပြုရ။

၆၉။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ယာဉ်ရပ်နားစခန်း၊ ယာဉ်ရောင်းဝယ်ရေးစခန်း၊ယာဉ်မောင်းသင်ကွင်းအဖြစ်မပြုလုပ်ရ။

၇၀။ မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်း၊ တပ်ဆင်ခြင်း၊ကပ်ခြင်း၊ ချိတ်ဆွဲခြင်း သို့မဟုတ် ရေးဆွဲခြင်းမပြုရ။

## အခန်း(၁၁)
## ပြစ်ဒဏ်များ

၇၁။ မည်သူမဆို ပုဒ်မ ၆၁၊ပုဒ်မ၆၄၊ ပုဒ်မ၆၈(က)တို့အရ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအားငွေဒဏ်အနည်းဆုံးကျပ် ငါးသောင်းမှအများဆုံး ကျပ်ငါးသိန်းအထိ ချမှတ်ခြင်းခံရမည်။

၇၂။ မည်သူမဆို ပုဒ်မ ၆၂၊ပုဒ်မ ၆၃၊ ပုဒ်မ ၆၈(ခ)(ဂ)၊ ပုဒ်မ ၇၀ တို့အရ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံးကျပ်သုံးသိန်းအထိ ချမှတ်ခြင်းခံရမည်။

၇၃။ မည်သူမဆို ပုဒ်မ ၆၇၊ ပုဒ်မ၆၉ တို့အရ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းအထိဖြစ်စေ၊ ထောင်ဒဏ် နှစ်နှစ်အထိ ဖြစ်စေ၊ဒဏ်နှစ်ရပ်စလုံးဖြစ်စေချမှတ်ခြင်းခံရမည်။

၇၄။ မည်သူမဆိုပုဒ်မ ၆၅၊ ပုဒ်မ ၆၆ တို့အရ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံးကျပ်ငါးထောင်မှ အများဆုံးကျပ်နှစ်သောင်းအထိ ချမှတ်ခြင်းခံရမည်။

## အခန်း(၁၂)
## အထွေထွေ

၇၅။ ကော်မတီသည် ဝန်ကြီး သို့မဟုတ် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၏ သဘောတူညီချက်ဖြ
လိုင်စင်ခ၊ အခွန်ခ၊ သက်တမ်းတိုးမြှင့်ခ၊ ဒဏ်ကြေးနှင့်ဝန်ဆောင်မှုအခကြေးငွေ တို့ကို သတ်မှတ်ခြင်း သို့မဟု
ပြင်ဆင်သတ်မှတ်ခြင်းပြုနိုင်သည်။

၇၆။ ကော်မတီသည် ဤဥပဒေအရ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကို မိမိလက်အောက်
သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၇၇။ ဤဥပဒေပုဒ်မ ၇၃ အရ တရားစွဲဆိုတင်ပို့သည့် အမှုများကိုမြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူနိုင် သေ
အမှုများအဖြစ် သတ်မှတ်သည်။

၇၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် လိုအပ်သောနည်းဥပဒေမျ
စည်းမျဉ်းများနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီး သို့မဟုတ် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့သည် လိုအပ်သေ
အမိန့်ကြော်ငြာစာများ၊အမိန့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့
သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)
သိန်းအောင်
ဝန်ကြီးချုပ်
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပထမအကြိမ်ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

# ဧရာဝတီတိုင်းဒေသကြီး
# ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းဥပဒေကို
# ပြင်ဆင်သည့်ဥပဒေ

**၂၀၁၄ခုနှစ်**

# ဧရာဝတီတိုင်းဒေသကြီး ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ

( ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥပဒေအမှတ်- ၈/၂၀၁၄)

၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤ ဥပဒေကို **ဧရာဝတီတိုင်းဒေသကြီးဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းဥပဒေကိုပြင်ဆင် သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဧရာဝတီတိုင်းဒေသကြီး ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းဥပဒေအခန်း(၇)" တားမြစ်ချက်နှင့် ပြစ်ဒဏ်"ဆိုသည့် ခေါင်းစဉ်းစကားရပ်ကို " စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း" ဟူသောစကားရပ်ဖြင့် အစားထိုးရမည်။

၃။ ဧရာဝတီတိုင်းဒေသကြီး ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းဥပဒေ ပုဒ်မ ၁၉ ၏နောက်တွင် ပုဒ်မ ၂၀ အဖြစ်အောက်ပါအတိုင်းဖြည့်စွက်ရမည်-

၂၀။ ပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ အရ ချမှတ်သည့်အမိန့်ကိုလိုက်နာရန် ပျက်ကွက်သူအား ဤဥပဒေ အရ ဧရာဝတီတိုင်းဒေသကြီးမြန်မာ့ဆားလုပ်ငန်းမှ တရားစွဲဆိုနိုင်သည်။

၄။ ဧရာဝတီတိုင်းဒေသကြီး ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းဥပဒေပုဒ်မ ၂၀၊ ၂၁နှင့် ၂၂ တို့ကို ပုဒ်မ ၂၁၊၂၂ နှင့် ၂၃ အဖြစ်အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

၅။ ဧရာဝတီတိုင်းဒေသကြီး ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းဥပဒေ အခန်း(၈)၏နောက်၌ အခန်း(၉) အဖြစ်အောက်ပါအတိုင်းဖြည့်စွက်ရမည်-

## အခန်း(၉)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၄။ မည်သူမဆို ပုဒ်မ ၁၆ အရ ချမှတ်သောစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကိုလိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ လထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀၀ိ/ထိဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၂၅။ မည်သူမဆို ပုဒ်မ ၁၇ အရ ချမှတ်သောစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကိုလိုက်ရန် ပျက်ကွက် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ လထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀၀ိ/-ထိ ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆။ ရောဝတီတိုင်းဒေသကြီး ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းဥပဒေပုဒ်မ ၂၆ ကိုပယ်ဖျက်ရမည်။

၇။ ရောဝတီတိုင်းဒေသကြီး ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၇နှင့် တို့ကို ပုဒ်မ ၂၆၊ ၂၇၊ ၂၈၊ ၂၉ နှင့် ၃၀ တို့အဖြစ် အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

********************************************

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)
သိန်းအောင်
ဝန်ကြီးချုပ်
ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပထမအကြိမ်ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

# ၂၀၁၄-၂၀၁၅ခု၊ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီး နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

၂၀၁၄ခုနှစ်

# ၂၀၁၄ – ၂၀၁၅ ခု၊ဘဏ္ဍာရေးနှစ်
# ရောဝတီတိုင်းဒေသကြီး၏
# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

(၂၀၁၄ ခုနှစ်၊ ရောဝတီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ်–၉/၂၀၁၄)

၁၃၇၆ ခုနှစ် ၊ နတ်တော်လပြည့်ကျော် ၆ ရက်

( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် )

ရောဝတီတိုင်းဒေသကြီး လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၄ – ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ရောဝတီတိုင်းဒေသကြီး ၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၄ – ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်ရမည်။

## အခန်း (၂)
## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့်စီမံခန့်ခွဲခြင်း

၂။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ တိုင်းဒေသကြီးလွှတ်တော် ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ နှင့် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများ နှင့် စပ်လျဉ်း၍ ဇယား (၁) နှင့် (၂) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၄ ခုနှစ်၊ ရောဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၄ ခုနှစ်၊ ရောဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)
သိန်းအောင်
ဝန်ကြီးချုပ်
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ ခုနှစ် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုအသုံးစရိတ် | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | အသုံးစရိတ် | | | | | | |
| | | | | အမြဲသုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ချေးငွေ | | အဖွဲ့အစည်းများတွင်ရှယ်ယာထည့်ငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၀၁၄,၀၃၆ | | | ၁၅၅၀,၀၀၀ | | | |
| ၂ | ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | ၁၂၈,၁၂၂ | | | |
| ၃ | ၄ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၂,၇၀၀ | | | | | | |
| ၄ | ၅ | စာရင်းရုံးများ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၇,၉၈၆ | | | | | | |
| | | | ပေါင်း | ၁၀၂၄,၇၂၂ | | | ၁၆၇၈,၁၂၂ | | | |

## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ ခုနှစ် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ဆက်တွဲခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ချေးမြီ - ထုတ်ချေးငွေ | ချေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများအတွင်း ရင်းနှီးငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၁ | မြို့ပြစီမံရေး<br>၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>၂။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>၃။ မီးသတ်ဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၀၇,၄၁၀<br>၅၁,၃၄၅<br>၁၅,၀၄၃<br>၄၁,၀၃၀ | | | ၂၅၂,၃၆၅<br>၂၀၀,၇၆၅<br>၂၀,၂၀၀<br>၂၉,၄၀၀ | | | |
| ၂ | ၂ | အခွန်ဘဏ္ဍာ<br>၁။ အထွေထွေအခွန်ဦးစီးဌာန | ၎င်း | ၆,၃၅၆<br>၆,၃၅၆ | | | | | | |
| ၃ | ၃ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း<br>၁။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန<br>၂။ စိုက်ပျိုးရေးဦးစီးဌာန | ၎င်း | ၁၀၈,၇၅၄<br>၈၁,၄၀၄<br>၂၇,၃၅၀ | | | | | | |
| ၄ | ၄ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး<br>၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၎င်း | ၁၉,၃၇၈<br>၁၉,၃၇၈ | | | ၄၉,၄၀၀<br>၄၉,၄၀၀ | | | |
| ၅ | ၆ | သားကလေး<br>၁။ အားကစားနှင့်ကာယပညာဦးစီးဌာန | ၎င်း | ၇,၇၀၁<br>၇,၇၀၁ | | | | | | |
| ၆ | ၈ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု<br>၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၎င်း | ၄၀,၆၄၀<br>၄၀,၆၄၀ | | | ၂၉,၄၈၀<br>၂၉,၄၈၀ | | | |
| ၇ | ၉ | ဆောက်လုပ်ရေး<br>၁။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | ၎င်း | ၉,၄၆၀<br>၉,၄၆၀ | | | | | | |
| ၈ | ၁၁ | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၂၉၈,၁၄၀ | | | ၃၂၉,၈၀၀ | | | |
| | | ပေါင်း | | ၅၇၇,၀၃၇ | | | ၆၅၅,၁၄၄ | | | |